# ၁၉၅၇ ခုနှစ်၊ ချင်းဝိသေသတိုင်း (ပြင်ဆင်ချက်) အက်ဥပဒေ။*

[၁၉၅၇ ခုနှစ်၊ အက်ဥပဒေအမှတ် ၅၀။]
(၁၉၅၇ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်။)

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။ ဤအက်ဥပဒေကို၊ ၁၉၅၇ ခုနှစ်၊ ချင်းဝိသေသတိုင်း (ပြင်ဆင်ချက်) အက်ဥပဒေဟု ခေါ်ရမည်။

၂။ ။ နောက်တွင် အဆိုပါအက်ဥပဒေဟု ရည်ညွှန်းသည့်၊ ၁၉၄၈ ခုနှစ်၊ ချင်းဝိသေသတိုင်း အက်ဥပဒေတွင် **"အရေးပိုင်"** ဆိုသည့် စကားရပ်ပါရှိသည့် ပုဒ်မ ၃၄ မှတစ်ပါး၊ အခြားပုဒ်မတိုင်း၌ "အရေးပိုင်" ဆိုသည့် စကားရပ်အစား၊ "ခရိုင်ဝန်"ဆိုသည့် စကားရပ်ကို ထည့်သွင်း ရမည်။

၃။ ။ အဆိုပါ အက်ဥပဒေ ပုဒ်မ ၂ တွင် —

(က) အပိုဒ် (၄) အစား၊ အောက်ပါကို၊ အပိုဒ် (၄) အဖြစ် ထည့်သွင်းရမည်။

"(၄) 'ချင်းအမျိုးသားများ' ဆိုသည့် စကားရပ်တွင် ချင်းဝိသေသတိုင်း၌ အိုးအိမ်အတည်တကျရှိသော ပြည်ထောင်စုမြန်မာနိုင်ငံသားများ ပါဝင်သည်၊"

(ခ) အပိုဒ် (၆)၊ အပိုဒ်ခွဲ (ခ) နောက်တွင်၊ အောက်ပါကို၊ အပိုဒ်ခွဲ (ဂ) အဖြစ် ထည့်သွင်းရမည်။

"(ဂ) 'မြို့မ' ဆိုသည်မှာ၊ နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာထုတ်ပြန်၍၊ ဤအက်ဥပဒေပါ ကိစ္စများအလို့ငှာ 'မြို့မ' ဟု သတ်မှတ်သော အရပ်ဒေသကို ဆိုလိုသည်။"

(ဂ) အပိုဒ် (၁၂) အစား၊ အောက်ပါကို၊ အပိုဒ် (၁၂) အဖြစ် ထည့်သွင်းရမည်။

"(၁၂) 'တိုင်းမင်းကြီး' ဆိုသည်မှာ ချင်းဝိသေသတိုင်း ဆိုင်ရာ တိုင်းမင်းကြီးကို ဆိုလိုသည့်ပြင်၊ ထိုစကားရပ်တွင် ဤအက်ဥပဒေအရ၊ နိုင်ငံတော်သမ္မတက၊ တိုင်းမင်းကြီး၏အာဏာများ အပ်နှင်းထားသည့် အရာရှိလည်း ပါဝင်သည်။"

---

* မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း -၁၊ ၁၉၅၇ ခုနှစ်၊ နိုဝင်ဘာလ (၂) ရက်၊ စာမျက်နှာ - ၃၀၀၄။

(ဃ) အပိုဒ် (၁၂) နောက်တွင်၊ အောက်ပါကို၊ အပိုဒ် (၁၃) နှင့် အပိုဒ် (၁၄) အဖြစ် ထည့်သွင်းရမည်။

"(၁၃) 'မြို့မကောင်စီ' ဆိုသည်မှာ၊ ဤအက်ဥပဒေအရ ဖွဲ့စည်းထားသော မြို့မကောင်စီကို ဆိုလိုသည်။

(၁၄) 'ဝန်ကြီး' ဆိုသည်မှာ၊ ပြည်ထောင်စု အစိုးရအဖွဲ့ဝင် ချင်းရေးရာဝန်ကြီးကိုဆိုလိုသည်။"

၄။ ။ အဆိုပါအက်ဥပဒေ ပုဒ်မ ၄ နောက်တွင်၊ အောက်ပါကို၊ ပုဒ်မ ၄-က အဖြစ်ထည့်သွင်းရမည်။

"၄-က။ ။ နိုင်ငံတော်သမ္မတသည်၊ ဤအက်ဥပဒေပါ ကိစ္စများအလို့ငှါ၊ အမိန့်ကြော်ငြာစာထုတ်ပြန်၍၊ မည်သည့်အရပ်ဒေသကိုမဆို၊ မြို့မ အဖြစ် သတ်မှတ်နိုင်သည်။"

၅။ ။ အဆိုပါအက်ဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ (၁) အစား၊ အောက်ပါကို၊ ပုဒ်မခွဲ (၁) အဖြစ်ထည့်သွင်းရမည်။

"(၁) ဝန်ကြီးသည်၊ မိမိအား အခြေခံဥပဒေ ပုဒ်မ ၁၉၇ (၃) ဖြင့် အပ်နှင်းထားသည့်အာဏာများ၊ အခွင့်အရေးများနှင့်တာဝန်ဝတ္တရားများကို၊ ချင်းရေးရာကောင်စီ၏ အလိုဆန္ဒနှင့်အညီ သုံးစွဲဆောင်ရွက်ရမည်။ သို့သော် ယင်းသို့ သုံးစွဲဆောင်ရွက်ရာ၌၊ ပြည်ထောင်စု အစိုးရ၏ ဆုံးဖြတ်ချက်များကို ပယ်ဖျက်ခြင်း မရှိစေရ။"

၆။ ။ အဆိုပါအက်ဥပဒေ ပုဒ်မ ၆၊ ပုဒ်မ ၇ နှင့် ပုဒ်မ ၈ အစား၊ အောက်ပါတို့ကို၊ ပုဒ်မ ၆၊ ပုဒ်မ ၇ နှင့် ပုဒ်မ ၈ အဖြစ်ထည့်သွင်းရမည်။

"၆။ ။ (၁) ခရိုင်ဝန်သည်၊ ကျေးရွာ၊ သို့တည်းမဟုတ် ကျေးရွာစု အတွက်၊ ရွာသူကြီး တစ်ဦးကို၊ နည်းဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်စေရမည်။ ထိုသို့ ရွေးကောက်တင်မြှောက်ခြင်းခံရသူကို၊ ခရိုင်ဝန်က၊ ရွာသူကြီးအဖြစ် ခန့်ထားရမည်။

(၂) ရွာသူကြီးအဖြစ်အရွေးခံသူသည် —

(က) အသက် ၂၁ နှစ်အောက် ငယ်ရွယ်သူမဖြစ်စေရ၊

(ခ) မိမိအား ရွာသူကြီးအဖြစ် ရွေးကောက်တင်မြှောက်သော ကျေးရွာအတွင်း၌ သာမန်အားဖြင့်နေထိုင်သူ ဖြစ်ရမည်။

ရှင်းလင်းချက်။ ။ 'သာမန်အားဖြင့် နေထိုင်သူ' ဆိုသည်မှာ၊ ရွေးကောက်ပွဲ မကျင်းပမီ၊ ထိုကျေးရွာအတွင်း၌ အနည်းဆုံး ၁၂ လ တစ်ဆက်တည်း နေထိုင်ခဲ့၍ နောင်ကိုလည်း ဆက်လက်နေထိုင်ရန် ရည်ရွယ်သောသူကို ဆိုလိုသည်။

၇။ ။ (၁) ရွာသူကြီးသည်၊ ရာထူးသက်တမ်းမကုန်ဆုံးမီ ရာထူးမှနုတ်ပယ်ခြင်း မခံရလျှင် သော်လည်းကောင်း၊ ရာထူးမှနုတ်ထွက်ခြင်းမပြုလျှင်သော်လည်းကောင်း၊ မိမိအား ရွေးကောက်တင်မြှောက်သည့်နေ့ရက်မှစ၍၊ ငါးနှစ်တိုင်တိုင် ရာထူး၌ ထမ်းရွက်ရမည့်ပြင်၊ ထိုရွာသူကြီး၌ နောက်ထပ်အရွေး ခံနိုင်ခွင့်လည်းရှိရမည်။

(၂) ခရိုင်ဝန်သည် ရွာသူကြီးကို၊ အောက်ပါအကြောင်း တစ်ရပ်ရပ်ကြောင့် ရာထူးမှ နုတ်ပယ်နိုင်သည်။

(က) ၎င်း၏တာဝန်ဝတ္တရားများကို ဆောင်ရွက်ရန် ထပ်တလဲလဲပျက်ကွက်ခြင်း၊ သို့တည်းမဟုတ် အာဏာကို ပိုမိုသုံးစွဲခြင်း၊ သို့တည်းမဟုတ် အာဏာကိုအလွဲသုံးစွဲခြင်း၊ သို့တည်းမဟုတ် တာဝန်ဝတ္တရားများကို ဆောင်ရွက်ရာ၌ လွန်ကဲစွာ ပေါ့လျော့ခြင်း။

(ခ) ကိုယ်ကျင့်တရား ပျက်ပြားရာ ရောက်သောပြစ်မှုအတွက် ရာဇဝတ် ပြစ်ဒဏ်ခံရခြင်း။

(ဂ) အလုပ်မကျွမ်းကျင်ခြင်း။

(ဃ) အုပ်ချုပ်မှုမတော်မှန်ခြင်း။

(၃) ခရိုင်ဝန်၏အမိန့်ကို တိုင်းမင်းကြီးထံ အယူခံဝင်နိုင်သည်။

၈။ ။ (၁) ဤကိစ္စအလို့ငှာ ပြဋ္ဌာန်းထားသည့် နည်းဥပဒေတွင် သတ်မှတ်ထားသော လူကြီးဦးရေ ပါဝင်သည့် —

(က) ကျေးရွာကောင်စီကို၊ ကျေးရွာက ရွေးကောက်တင်မြှောက်ရမည်။

(ခ) မြို့မကောင်စီကို၊ မြို့မက ရွေးကောက်တင်မြှောက်ရမည်။

(၂) ပထမအကြိမ်ကျင်းပသော မြို့မကောင်စီ၏ အစည်းအဝေးတွင် ကောင်စီ လူကြီးများသည်၊ မိမိတို့အထဲမှ လူကြီးတစ်ဦးကို၊ မြို့မကောင်စီဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ရမည်။ မြို့မကောင်စီ၏ ပထမအစည်းအဝေး ကျင်းပ၍ ဥက္ကဋ္ဌ ရွေးကောက်ပြီးသည်အထိ ဆောင်ရွက်ရန်ရှိသည့် ကိစ္စအဝဝတို့ကို ယခင် မြို့မကောင်စီဥက္ကဋ္ဌက ဆောင်ရွက်ရမည်၊

(၃) ကျေးရွာကောင်စီသို့၊ သို့တည်းမဟုတ် မြို့မကောင်စီသို့ အရွေးခံမည့် လူကြီးများသည် —

(က) အသက် ၂၁ နှစ် အောက်ငယ်ရွယ်သူများ မဖြစ်စေရ။

(ခ) မိမိအား ကောင်စီလူကြီးအဖြစ် ရွေးကောက်တင်မြှောက်သော ကျေးရွာ၊

သို့တည်းမဟုတ် မြို့မအတွင်း၌ သာမန်အားဖြင့် နေထိုင်သူများ ဖြစ်ရမည်။

<u>ရှင်းလင်းချက်</u> ။ ။ 'သာမန်အားဖြင့် နေထိုင်သူ' ဆိုသည်မှာ၊ ရွေးကောက်ပွဲမကျင်းပမီ၊ ထိုကျေးရွာ၊ သို့တည်းမဟုတ် မြို့မအတွင်း၌ အနည်းဆုံး ၁၂ လ တစ်ဆက်တည်းနေထိုင်ခဲ့၍၊ နောင်ကိုလည်း ဆက်လက်နေထိုင်ရန် ရည်ရွယ်သောသူကို ဆိုလိုသည်။

(၄) ကောင်စီလူကြီးတစ်ဦးသည်၊ ကောင်စီ လူကြီးအဖြစ်မှ နုတ်ထွက်လိုလျှင်၊ သက်ဆိုင်ရာ ကျေးရွာကောင်စီဥက္ကဋ္ဌ၊ သို့တည်းမဟုတ် မြို့မကောင်စီ ဥက္ကဋ္ဌ ထံသို့ စာဖြင့် အကြောင်းကြား၍ နုတ်ထွက်နိုင်သည်။ ကောင်စီဥက္ကဋ္ဌသည်၊ ကောင်စီဥက္ကဋ္ဌအဖြစ်မှ နုတ်ထွက်လိုလျှင်၊ သက်ဆိုင်ရာမြို့ပိုင်၊ သို့တည်းမဟုတ် နယ်ပိုင်ဝန်ထောက်ထံသို့ စာဖြင့်၊ အကြောင်းကြား၍ နုတ်ထွက်နိုင်သည်။ ထိုသို့ နုတ်ထွက်သဖြင့် လစ်လပ်သောနေရာအတွက် ကောင်စီလူကြီးသစ်ကို၊ သို့တည်းမဟုတ် ကောင်စီဥက္ကဋ္ဌသစ်ကို၊ နောက်ထပ်ရွေးကောက်တင်မြှောက်ပြီးသည်အထိ ကောင်စီလူကြီးဟောင်းသည်၊ သို့တည်းမဟုတ် ကောင်စီဥက္ကဋ္ဌဟောင်းသည်၊ မိမိ၏တာဝန်ဝတ္တရားများကို ဆက်လက် ဆောင်ရွက်ရမည်။

(၅) ကျေးရွာကောင်စီ၏၊ သို့တည်းမဟုတ် မြို့မကောင်စီ၏ သက်တမ်းသည် ငါးနှစ်ဖြစ်ရမည်။ သို့ရာတွင် ကောင်စီ၏သက်တမ်း ကုန်ဆုံးသော်လည်း၊ ကောင်စီအသစ်ကို ရွေးကောက်တင်မြှောက်ပြီးသည်အထိ၊ သက်ဆိုင်ရာ ကောင်စီလူကြီးဟောင်းများသည်၊ မိမိတို့၏တာဝန်ဝတ္တရားများကို ဆက်လက် ဆောင်ရွက်ရမည်။ ကောင်စီလူကြီးဟောင်း အသီးသီး၌ နောက်ထပ်အရွေးခံနိုင်ခွင့် ရှိရမည်။

(၆) ခရိုင်ဝန်သည်၊ အောက်ပါ အကြောင်းတစ်ရပ်ရပ်ကြောင့် ကျေးရွာကောင်စီလူကြီးကို၊ သို့တည်းမဟုတ် ကျေးရွာကောင်စီဥက္ကဋ္ဌကိုဖြစ်စေ၊ မြို့မကောင်စီလူကြီးကို၊ သို့တည်းမဟုတ် မြို့မကောင်စီ ဥက္ကဋ္ဌကိုဖြစ်စေ၊ ရာထူးမှ နုတ်ပယ်နိုင်သည်။

(က) ၎င်းတို့၏ တာဝန်ဝတ္တရားများကို ဆောင်ရွက်ရန် ထပ်တလဲလဲ ပျက်ကွက်ခြင်း၊ သို့တည်းမဟုတ် အာဏာကိုပိုမိုသုံးစွဲခြင်း၊ သို့တည်းမဟုတ် အာဏာကို အလွဲသုံးစွဲခြင်း၊ သို့တည်းမဟုတ် တာဝန်ဝတ္တရားများကို ဆောင်ရွက်ရာ၌ လွန်ကဲစွာ ပေါ့လျော့ခြင်း၊

(ခ) ကိုယ်ကျင့်တရား ပျက်ပြားရာရောက်သော ပြစ်မှုအတွက် ရာဇဝတ် ပြစ်ဒဏ် ခံရခြင်း။

(၇) ရွာသူကြီးသည်၊ မိမိ၏ရာထူးအလျောက် သက်ဆိုင်ရာကျေးရွာကောင်စီ၏ ဥက္ကဋ္ဌ ဖြစ်ရမည်။

(၈) မြို့မကောင်စီ ဥက္ကဋ္ဌသည်၊ မိမိ၏ရာထူးအလျောက် သက်ဆိုင်ရာမြို့မ၏ သူကြီး ဖြစ်ရမည်။

(၉) မြို့မအသီးသီးနှင့် သက်ဆိုင်သောခရိုင်ဝန်ကို၊ သို့တည်းမဟုတ် နယ်ပိုင်ဝန် ထောက်ကို၊ သက်ဆိုင်ရာ မြို့မကောင်စီအား အကြံဉာဏ်ပေးရန် အတိုင်ပင်ခံ ပုဂ္ဂိုလ်အဖြစ် ဝန်ကြီးက ခန့်ထားရမည်။ မြို့မကောင်စီသည်၊ တာဝန် ဝတ္တရားများကို ထမ်းဆောင်ရာ၌၊ အထူးသဖြင့် ပုဒ်မ ၂၁ အရ အခွန် အကောက်များ စည်းကြပ်ကောက်ခံသုံးစွဲရေးကိစ္စရပ်များတွင်၊ ထိုအတိုင်ပင်ခံ ပုဂ္ဂိုလ်၏ အကြံဉာဏ်ကို ရယူရမည်။"

၇။ ။ အဆိုပါ အက်ဥပဒေ၏ ပုဒ်မ ၉ တွင် —

(က) ပုဒ်မခွဲ (၂) အစား၊ အောက်ပါကို၊ ပုဒ်မခွဲ (၂) အဖြစ် ထည့်သွင်းရမည်။

"(၂) တိုက်နယ်ကောင်စီတွင် ပါဝင်ရမည့် လူကြီးဦးရေသည်၊ ဤကိစ္စအလို့ငှာ ပြဋ္ဌာန်းထားသည့် နည်းဥပဒေတွင် သတ်မှတ်ထားသည့်အတိုင်း ဖြစ်ရမည်။"

(ခ) ပုဒ်မခွဲ (၇) အစား၊ အောက်ပါကို၊ ပုဒ်မခွဲ (၇) အဖြစ် ထည့်သွင်းရမည်။

"(၇) ဤပုဒ်မ၌ဖော်ပြသော ရွေးကောက်ရေးကိစ္စ အဝဝတို့ကို နည်းဥပဒေ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ဆောင်ရွက်ရမည်။"

(ဂ) ပုဒ်မခွဲ (၇) နောက်တွင်၊ အောက်ပါကို၊ ပုဒ်မခွဲ (ဂ) အဖြစ် ထည့်သွင်းရမည်။

" (ဂ) တိုက်နယ်ကောင်စီလူကြီးတစ်ဦးသည်၊ ကောင်စီလူကြီးအဖြစ်မှ နုတ်ထွက်လိုလျှင်၊ သက်ဆိုင်ရာ တိုက်နယ်ကောင်စီဥက္ကဋ္ဌထံသို့ စာဖြင့် အကြောင်းကြား၍ နုတ်ထွက်နိုင်သည်။ တိုက်နယ်ကောင်စီ ဥက္ကဋ္ဌသည်၊ ကောင်စီဥက္ကဋ္ဌအဖြစ်မှ နုတ်ထွက်လိုလျှင်၊ သက်ဆိုင်ရာ မြို့ပိုင်၊ သို့တည်းမဟုတ် နယ်ပိုင်ဝန်ထောက်ထံသို့၊ စာဖြင့်အကြောင်း ကြား၍ နုတ်ထွက်နိုင်သည်။ ထိုသို့ နုတ်ထွက်သဖြင့် လစ်လပ်သော နေရာအတွက် ကောင်စီလူကြီးသစ်ကို၊ သို့တည်းမဟုတ် ကောင်စီ ဥက္ကဋ္ဌသစ်ကို နောက်ထပ်ရွေးကောက်တင်မြှောက်ပြီး သည့်အထိ၊ ကောင်စီလူကြီးဟောင်းသည်၊ သို့တည်းမဟုတ် ကောင်စီဥက္ကဋ္ဌ

ဟောင်းသည်၊ မိမိ၏တာဝန် ဝတ္တရားများကို ဆက်လက် ဆောင်ရွက်ရမည်။"

၈။ ။ အဆိုပါ အက်ဥပဒေ ပုဒ်မ ၉-က အစား၊ အောက်ပါကို၊ ပုဒ်မ ၉-က အဖြစ် ထည့်သွင်းရမည်။

"၉-က။ ။ ရွာသူကြီးသည်၊ သို့တည်းမဟုတ် ကျေးရွာကောင်စီလူကြီးသည်၊ သို့တည်းမဟုတ် မြို့မကောင်စီလူကြီးသည်၊ သို့တည်းမဟုတ် တိုက်နယ်ကောင်စီလူကြီးသည်၊ သို့တည်းမဟုတ် မြို့မကောင်စီဥက္ကဋ္ဌသည်၊ သို့တည်းမဟုတ် တိုက်နယ်ကောင်စီဥက္ကဋ္ဌသည် —

(၁) သေဆုံးသော်၊

(၂) ရာထူးမှ နုတ်ထွက်သော်၊

(၃) ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်အရ၊ လူကြီးအဖြစ်မှ ရပ်စဲခြင်းကိုသော်လည်းကောင်း၊ နုတ်ပယ်ခြင်းသော်လည်းကောင်း၊ ခံရသော်၊

(၄) နည်းဥပဒေများတွင် ပြဋ္ဌာန်းထားသည့်အတိုင်း အစည်းအဝေးများသို့ ဟက်ရောက်ရန် ပျက်ကွက်ခဲ့သော်၊

(၅) မိမိအရွေးခံရသော ကျေးရွာ၊ သို့တည်းမဟုတ် မြို့မတွင် ဆက်လက်နေထိုင်ခြင်းမပြုဘဲ ရွှေ့ပြောင်းသွားသော်၊

ထိုသူ၏နေရာသည် လစ်လပ်သည်ဟု မှတ်ယူရမည်။"

၉။ ။ အဆိုပါ အက်ဥပဒေ ပုဒ်မ ၉-ဂ အစား၊ အောက်ပါကို၊ ပုဒ်မ ၉-ဂ အဖြစ် ထည့်သွင်းရမည်။

"၉-ဂ ။ ။ (၁) ဤအက်ဥပဒေအရ ကျင်းပသော မည်သည့်ရွေးကောက်ပွဲတွင်မဆို အရွေးခံရသူတစ်ဦးဦးကို ကန့်ကွက်လိုလျှင်၊ ရွေးကောက်ပွဲတွင် ရှုံးသူက၊ သို့တည်းမဟုတ် ၎င်းရွေးကောက်ပွဲတွင် မဲပေးနိုင်ခွင့်ရှိသူက ထိုကိစ္စအလို့ငှာ ပြဋ္ဌာန်းထားသည့် နည်းဥပဒေ အရ ကန့်ကွက်လွှာကို တင်သွင်းနိုင်သည်။

(၂) ဤအက်ဥပဒေအရ ကျင်းပသော မည်သည့်ရွေးကောက်ပွဲတွင်မဆို အရွေးခံရသူ၏ ရွေးကောက်ခံရခြင်းကို၊ အောက်ပါအကြောင်းတစ်ရပ်ရပ်ကြောင့်၊ ခရိုင်ဝန်က ပယ်ဖျက်နိုင် သည်၊

(က) ရာဇသတ်ကြီး အခန်း ၉-က တွင် ဖော်ပြသော ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုတစ်ခုခုအတွက် ပြစ်ဒဏ်စီရင်ခြင်းခံရသူဖြစ်ခြင်း၊ သို့တည်းမဟုတ် ကိုယ်ကျင့်တရားပျက်ပြားရာရောက်သော ပြစ်မှုအတွက် ရာဇဝတ်ပြစ်ဒဏ် ခံရသူဖြစ်ခြင်း။

(ခ) မိမိအား ရွေးကောက်တင်မြှောက်သော ကျေးရွာ၏၊ သို့တည်းမဟုတ် ကျေးရွာစု၏၊ သို့တည်းမဟုတ် မြို့မ၏ ပြင်ပ၌ နေထိုင်ခြင်း။

(ဂ) ရွာသူကြီးအဖြစ် ရွေးကောက်တင်မြှောက်ခံရသူဖြစ်လျှင်၊ ရွာသူကြီးရာထူးကို မထမ်းရွက်နိုင်လောက်အောင် ကိုယ်အင်္ဂါ ချို့တဲ့ခြင်း၊ သို့တည်းမဟုတ် စိတ်ချို့ယွင်းခြင်း။

(ဃ) အရွယ်မရောက်သေးခြင်း။

(င) ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များအရသော်လည်း ကောင်း၊ ဤအက်ဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေ များအရသော်လည်းကောင်း၊ ကျင်းပခြင်းမဟုတ်သည့် ရွေးကောက်ပွဲဖြင့် ရွေးကောက်တင်မြှောက်ခံရခြင်း၊

(စ) မတရား ဩဇာအာဏာသုံးစွဲခြင်းဖြင့်သော်လည်းကောင်း၊ ခြောက်လှန့်ခြင်းဖြင့်သော်လည်းကောင်း၊ ရွေးကောက်တင်မြှောက်ခံရခြင်း။

(ဆ) ဤကိစ္စအလို့ငှာ ဝန်ကြီးက ပြဋ္ဌာန်းပြီးဖြစ်သည့်၊ သို့တည်းမဟုတ် ပြဋ္ဌာန်းသည့် အာမခံကို မတင်သွင်းနိုင်ခြင်း။

(ဇ) ဘာသာရေး အထိမ်းအမှတ်များကို ရွေးကောက်ပွဲတွင် အသုံးပြုခြင်း၊ သို့တည်းမဟုတ် လူမျိုးကိုသော်လည်းကောင်း၊ သွေးသောက်စုကိုသော်လည်းကောင်း၊ ကိုးကွယ်သည့်ဘာသာကိုသော်လည်းကောင်း၊ လူတန်းစားတစ်စားကိုသော်လည်းကောင်း၊ အကြောင်းပြု၍ ရွေးကောက်ပွဲတွင် မဲပေးစေရန်၊ သို့တည်းမဟုတ် မဲမပေးစေရန် လှုံ့ဆော် ခြင်း။

<u>ရှင်းလင်းချက်</u> ။ ။ 'လူတန်းစား' ဆိုသည့် စကားရပ်တွင် နိုင်ငံရေးအသင်း အဖွဲ့များ မပါဝင်ချေ။

(ဈ) ၁၉၄၈ ခုနှစ်၊ ပါလီမန်ရွေးကောက်ပွဲ အက်ဥပဒေအရ ဖြစ်စေ၊ အဆိုပါအက်ဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေ များအရ ဖြစ်စေ၊ အခြေခံ ဥပဒေအရဖြစ်စေ၊ ပါလီမန် လွှတ်တော် တစ်ရပ်ရပ်၏ ရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ အရည်အချင်းပျက်ပွင်းသူဟု အမိန့်ကြော်ငြာစာ ထုတ်ပြန် ကြေညာထားခြင်း ခံရသူဖြစ်ခြင်း။

(၃) ပုဒ်မခွဲ (၂) အရ ရွေးကောက်ခံရခြင်းကို ပယ်ဖျက်ခြင်းခံရသူမှာဖြစ်စေ၊ ပုဒ်မ ၇ (၂)၊ ပုဒ်မ ၈ (၆)၊ သို့တည်းမဟုတ် ပုဒ်မ ၉ (၆) အရ ရာထူးမှ နုတ်ပယ်ခြင်းခံရသူမှာဖြစ်စေ၊ ထိုသို့ ရွေးကောက်ခံရခြင်းကို ပယ်ဖျက်ခြင်းခံရသည့်၊ သို့တည်းမဟုတ် ရာထူးမှနုတ်ပယ်ခြင်းခံရ သည့်နေ့မှစ၍ ငါးနှစ်အတွင်း၊ ဤအက်ဥပဒေအရ ကျင်းပသော မည်သည့်ရွေးကောက်ပွဲတွင်မျှ ဝင်ရောက်အရွေးခံနိုင်ခွင့် မရှိစေရ။"

၁၀။ ။ အဆိုပါ အက်ဥပဒေ ပုဒ်မ ၁၀ အစား၊ အောက်ပါကို၊ ပုဒ်မ ၁၀ အဖြစ် ထည့်သွင်း ရမည်။

" ၁၀။ ။ ဤအက်ဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ၊ နိုင်ငံတော် သမ္မတသည်၊ အောက်ပါအကြောင်းတစ်ခုခုကြောင့်၊ ကောင်စီတစ်ခုကို ဖြစ်စေ၊ အများကိုဖြစ်စေ ဖျက်သိမ်းစေနိုင်သည်။ ထိုကဲ့သို့ဖျက်သိမ်း သည့်အခါ၊ နိုင်ငံတော်သမ္မတသည်၊ ရာထမ်းတစ်ဦးဦးအား သက်ဆိုင် ရာကောင်စီ၏၊ သို့တည်းမဟုတ် ကောင်စီများ၏ အာဏာကို အပ်နှင်း နိုင်သည်။

(က) တစ်ခုထက်ပိုသော ကောင်စီများကို ပူးပေါင်းခြင်း။

(ခ) ကောင်စီတစ်ခုကို ခွဲခြမ်းခြင်း။

(ဂ) ဤအက်ဥပဒေတွင် ပြဋ္ဌာန်းထားသော၊ ကောင်စီ၏ တာဝန် ဝတ္တရားများကို ဆောင်ရွက်ရန် အကြီးအကျယ်ပျက်ကွက်ခြင်း။

(ဃ) ငြိမ်ဝပ်ပိပြားရေး အခြေအနေ အလွန်ဆိုးဝါးလာခြင်း။"

၁၁။ ။ အဆိုပါ အက်ဥပဒေ ပုဒ်မ ၁၁ တွင် —

(က) ပုဒ်မခွဲ (၄) အစား၊ အောက်ပါကို၊ ပုဒ်မခွဲ (၄) အဖြစ်ထည့်သွင်းရမည်။

" (၄) ရွာသူကြီးသည်၊ သို့တည်းမဟုတ် မြို့မသူကြီးသည် မိမိစီမံအုပ်ချုပ် ရသည့် ကျေးရွာနယ်မြေ၊ သို့တည်းမဟုတ် မြို့မတွင် ငြိမ်ဝပ်ပိပြားရေး အတွက်ဆောင်ရွက်ရမည်။ ခရိုင်ဝန်ကဖြစ်စေ၊ နယ်ပိုင်ဝန်ထောက်က

ဖြစ်စေ၊ မြို့ပိုင်ကဖြစ်စေ၊ ထုတ်ဆင့်သည့် တရားဝင်အမိန့်များကို ရွာသူကြီးက၊ သို့တည်းမဟုတ် မြို့မသူကြီးက၊ လိုက်နာဆောင်ရွက်ရမည်။ ခရိုင်ဝန်ကဖြစ်စေ၊ နယ်ပိုင်ဝန်ထောက်ကဖြစ်စေ၊ မြို့ပိုင်ကဖြစ်စေ၊ ပစ္စည်း၊ စားနပ်ရိက္ခာနှင့် အလုပ်သမားတောင်းဆိုသည့်အခါ၊ ထိုတောင်းဆိုသည့်ပစ္စည်း၊ စားနပ်ရိက္ခာနှင့် အလုပ်သမားများကို၊ ခရိုင်ဝန်သတ်မှတ်သည့် အဖိုးအခဖြင့် ပေးရမည်။

သို့သော် ထိုသို့ တောင်းဆိုသည့် ပစ္စည်း၊ စားနပ်ရိက္ခာနှင့် အလုပ်သမားအမျိုးအစား၊ အရေအတွက်သည် အခါအားလျော်စွာ ချင်းရေးရာကောင်စီက သတ်မှတ်ထားသည့် အမျိုးအစားဖြစ်ရမည့်ပြင်၊ ၎င်းတို့၏ အရေအတွက်သည်လည်း၊ သတ်မှတ်ထားသည့် အရေအတွက်ထက် မပိုစေရ။"

(ခ) ပုဒ်မခွဲ (၄) နောက်၌၊ အောက်ပါကို၊ ပုဒ်မခွဲ (၅) အဖြစ် ထည့်သွင်းရမည်။

" (၅) ကျေးရွာကောင်စီ လူကြီးများနှင့်မြို့မကောင်စီလူကြီးများသည်၊ သက်ဆိုင်ရာကျေးရွာ သူကြီးနှင့်မြို့မသူကြီးကို အကြံဉာဏ်အကူအညီ ပေးရမည်။"

၁၂။ ။ အဆိုပါ အက်ဥပဒေ ပုဒ်မ ၁၁ နောက်တွင်၊ အောက်ပါကို၊ ပုဒ်မ ၁၁-က အဖြစ် ထည့်သွင်းရမည်။

" ၁၁-က။ ။ (၁) ချင်းပါသေသတိုင်း အတွင်း၌ နေထိုင်သောကျေးရွာသားတိုင်းသည်၊ အောက်ပါအများပြည်သူတို့နှင့်သက်ဆိုင်သော တာဝန်ဝတ္တရားများကို ဆောင်ရွက်ရမည်။

(က) နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်ရန် လှုံ့ဆော်မှု၊ နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်ရာတွင် ပါဝင်မှု၊ နိုင်ငံတော်အစိုးရကို လက်နက်အားဖြင့် ပုန်ကန်မှု၊ ပုန်ကန်ရန်အားထုတ်မှု၊ ငြိမ်ဝပ်ပိပြားခြင်းကို ပျက်ပြားအောင်လှုံ့ဆော်မှု၊ လူသတ်မှု၊ လူသေစေမှု၊ လုယက်မှု၊ ဓါးပြတိုက်မှု၊ ရာဇဝတ်ပြစ်ဒဏ်မကင်းသည့် မီးရှို့မှု၊ သို့တည်းမဟုတ် လက်နက်ဥပဒေဖောက်ဖျက်မှု ကျူးလွန်ခြင်းကိုသော်လည်းကောင်း၊ ကျူးလွန်ရန် အားထုတ်ခြင်းကိုသော်လည်းကောင်း၊ ကျူးလွန်ရန်ကြံရွယ်ခြင်းကိုသော်လည်းကောင်းသိသည်နှင့် တစ်ပြိုင်နက်ရွာသူကြီးအား၊ သို့တည်းမဟုတ် ကျေးရွာကောင်စီလူကြီးတစ်ဦးဦးအား အကြောင်းကြားရမည်။

(ဃ) ခိုးရာပါ ပစ္စည်းလက်ခံသည်ဟု၊ သို့တည်းမဟုတ် ထုခွဲရောင်းချသည်ဟု ကျော်စောသူသည်၊ ကျေးရွာအတွင်း၌အမြဲဖြစ်စေ၊ ခေတ္တဖြစ်စေ၊ နေထိုင်လျက်ရှိကြောင်းကို သော်လည်းကောင်း၊ လုယက်သူ၊ ဓါးပြတိုက်သူ၊ ထောင်ပြေး၊ ဝါရမ်းပြေး သို့တည်းမဟုတ် ပြည်ထောင်စုနိုင်ငံတော်၏ ရေတပ်၊ ကုန်းတပ်၊ လေတပ်မှ ထွက်ပြေးသူသည်၊ ကျေးရွာအတွင်းသို့ ရောက်ရှိကြောင်း၊ သို့တည်းမဟုတ် ဖြတ်သန်းသွားလာကြောင်းကို သော်လည်းကောင်း၊ ကျေးရွာအတွင်း၌ ဓမ္မတာအလျောက်မဟုတ်ဘဲဖြစ်စေ၊ သင်္ကာမကင်းလောက်သော အကြောင်းနှင့်ဖြစ်စေ၊ လူသေကြောင်းကိုသော်လည်းကောင်း၊ သတင်းရရှိလျှင်၊ ရွာသူကြီးအား၊ သို့တည်းမဟုတ် ကျေးရွာကောင်စီလူကြီးတစ်ဦးဦးအား အကြောင်းကြားရမည်။

(င) ရဲရာထမ်းမှုထမ်းကသော်လည်းကောင်း၊ ရွာသူကြီးကသော်လည်းကောင်း၊ ငြိမ်ဝပ်ပိပြားမှု ပျက်ပြားခြင်းကို တားဆီးနှိမ်နင်းရာ၌ဖြစ်စေ၊ ဤအက်ဥပဒေပါပြဋ္ဌာန်း ချက်များအရ သော်လည်းကောင်း၊ ချင်းဝိသေသတိုင်း၌ အာဏာတည်သော အခြား အက်ဥပဒေပါပြဋ္ဌာန်းချက်များအရ သော်လည်းကောင်း၊ ဤအက်ဥပဒေ သို့တည်းမဟုတ် အဆိုပါအခြား အက်ဥပဒေအရ ပြုလုပ်သည့်၊ သို့တည်းမဟုတ် ထုတ်ပြန်သည့်နည်းဥပဒေ၊ သို့တည်းမဟုတ် စည်းကမ်းဥပဒေ၊ သို့တည်းမဟုတ် အမိန့်အရ သော်လည်းကောင်း၊ အစိုးရရာထမ်းမှုထမ်းများနှင့် ရွာသူကြီးတို့အား ပေးအပ်ထားသည့်တာဝန် ဝတ္တရားများကို၊ ထိုရာထမ်းမှုထမ်းများနှင့် ရွာသူကြီးတို့က ဆောင်ရွက်ရာ၌ဖြစ်စေ၊ သင့်လျော်သော အကူအညီကို၊ ထိုရာထမ်းမှုထမ်းများနှင့် ရွာသူကြီး တို့က တောင်းဆိုသည့်အခါ၊ အကူအညီပေးရမည်၊ ထို့ပြင် ကျေးရွာကာကွယ်ရေးအဖွဲ့က မိမိ၏တာဝန် ဝတ္တရားကို ဆောင်ရွက်ရာ၌လည်း သင့်လျော်သော အကူအညီ တောင်းဆိုသည့်အခါ အကူအညီပေးရမည်။

(ဃ) ဖွားသေ စာရင်းများ ထားရှိရေး၊ ကျေးရွာသန့်ရှင်းရေး၊

ကျန်းမာရေး၊ ကူးစက်တတ်သောရောဂါ ကာကွယ်ရေး၊ သတ်မှတ်ထားသော သုသာန်မြေနေရာတွင် လူသေ အလောင်းများ သင်္ဂြိုဟ်မြှုပ်နှံရေး၊ တိရစ္ဆာန်များ ထိန်းသိမ်းစောင့်ရှောက်ရေး၊ မီးဘေးကာကွယ်ရေး၊ ကျေးရွာလမ်းများနှင့် ကျေးရွာတည်းခိုရုံ အဆောက်အဦများကို ဆောက်လုပ်ပြင်ဆင် ထိန်းသိမ်းရေး ပညာရေး တိုးတက်မှုအတွက် အစိုးရစာသင်ကျောင်းများ စည်ကားအောင် ဆောင်ရွက်ရေး၊ လယ်ယာစိုက်ပျိုးရေး တိုးတက်အောင်ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ချင်းရေးရာ ကောင်စီ၏ အကြံပေးချက်အရ၊ နိုင်ငံတော်သမ္မတက ပြုလုပ်ထားသော နည်းဥပဒေများတွင် ပြဋ္ဌာန်းထားသည့် အတိုင်း လိုက်နာဆောင်ရွက်ရမည်။

(င) တိုင်းမင်းကြီး၏ သဘောတူညီချက်ကို ကြိုတင်ရယူ၍၊ ခရိုင်ဝန်က သာမန်၊ သို့တည်းမဟုတ် အထူးအမိန့်ဖြင့်၊ အကြောင်းကြားရမည်ဟု ညွှန်ကြားထားသည့်၊ ငြိမ်ဝပ်ပိပြားရေး၊ ရာဇဝတ်ပြစ်မှုကျူးလွန်ခြင်းကို ကာကွယ်ရေး၊ လူနှင့် ပစ္စည်းလုံခြုံရေးတို့ကို ထိခိုက်စေမည့် ကိစ္စများကို ရွာသူကြီးအား၊ သို့တည်းမဟုတ် ကျေးရွာကောင်စီလူကြီး တစ်ဦးဦးအား အကြောင်းကြားရမည်။

(၂) လုံလောက်သောအကြောင်းမရှိဘဲ၊ ပုဒ်မခွဲ (၁) တွင် ပြဋ္ဌာန်းထားသည့် တာဝန်ဝတ္တရားတစ်ခုခု လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုကို၊ ကျေးရွာကောင်စီသည် စုံစမ်းစစ်ဆေး၍၊ ထိုပျက်ကွက်မှုကျူးလွန်သူကို၊ ပြစ်မှုထင်ရှားလျှင်၊ ကျပ်နှစ်ဆယ်ထက် မပိုသော ငွေဒဏ်သော်လည်းကောင်း၊ တန်ဘိုးငွေကျပ် နှစ်ဆယ်ထက်မပိုသောပစ္စည်း လျော်ဒဏ်သော်လည်းကောင်း၊ စီရင်နိုင်သည်၊ သို့တည်းမဟုတ် မိမိကစုံစမ်းစစ်ဆေးဆုံးဖြတ်ရန်မသင့်ဟု ယူဆလျှင်၊ ထိုအမှုကို၊ သက်ဆိုင်ရာ တိုက်နယ်ကောင်စီသို့ တင်ပို့ရမည်။

(၃) ပုဒ်မခွဲ (၂) အရ ကျေးရွာကောင်စီက တင်ပို့သောအမှုကို၊ တိုက်နယ်ကောင်စီသည် စုံစမ်းစစ်ဆေး၍၊ ပြစ်မှုကျူးလွန်သူကို၊ ပြစ်မှုထင်ရှားလျှင်၊ ကျပ်ငါးဆယ်ထက်မပိုသော ငွေဒဏ်သော်လည်းကောင်း၊ တန်ဘိုးငွေ ကျပ်ငါးဆယ်ထက်မပိုသော ပစ္စည်း လျော်ဒဏ်သော်လည်းကောင်း၊ စီရင်နိုင်သည်။

(၄) ကျေးရွာကောင်စီ၏ စီရင်ချက်ကြောင့် နစ်နာခံရသူသည်၊ သက်ဆိုင်ရာ တိုက်နယ်ကောင်စီထံသို့ဖြစ်စေ၊ သက်ဆိုင်ရာမြို့ပိုင်ထံသို့ဖြစ်စေ၊ အမှုကို

ပြန်လည်စစ်ဆေးရန် လျှောက်ထားနိုင်သည်။ တိုက်နယ်ကောင်စီ၏ စီရင်ချက်ကြောင့် နစ်နာခံရသူသည် သက်ဆိုင်ရာ နယ်ပိုင်ဝန်ထောက်ထံသို့ လျှောက်ထားနိုင်သည်။ နယ်ပိုင်ဝန်ထောက်သည် တိုက်နယ်ကောင်စီ၏ စီရင်ချက်ကို ပယ်ဖျက်၍၊ အမှုကို ပြန်လည် စစ်ဆေးနိုင်သည်။"

၁၃။ ။ အဆိုပါ အက်ဥပဒေ ပုဒ်မ ၁၂၊ ပုဒ်မခွဲ (၁) အစား၊ အောက်ပါကို ပုဒ်မခွဲ (၁) အဖြစ် ထည့်သွင်းရမည်။

"(၁) ရာဇဝတ်ကျင့်ထုံးကိုဥပဒေအရ တရားရုံး၏ ခွင့်ပြုချက်ဖြင့်ဖြစ်စေ၊ ခွင့်ပြုချက်မလိုဘဲနှင့်ဖြစ်စေ၊ သဘောတူပြေငြိမ်းနိုင်သော ပြစ်မှုတစ်ခုခုသည်၊ ကျေးရွာကောင်စီကို ရွေးကောက်တင်မြှောက်လိုက်သည့် နယ်မြေအတွင်းတွင် ဖြစ်ပွား၍ တရားလိုသည်၊ သို့တည်းမဟုတ် တရားခံတစ်ဦးဦးသည်၊ ချင်းအမျိုးသား ဖြစ်ခဲ့သော်၊ ကျေးရွာကောင်စီသည်၊ ထိုပြစ်မှုကို၊ စုံစမ်းစစ်ဆေးနိုင်သည့်ပြင်၊ ထိုကဲ့သို့သော ပြစ်မှုကျူးလွန်သူကို၊ ပြစ်မှုထင်ရှားလျှင်၊ ရပ်ရွာထုံးတမ်းစဉ်လာအရ၊ ငွေဒဏ်သော်လည်းကောင်း၊ ပစ္စည်း လျော်ဒဏ်သော်လည်းကောင်း၊ စီရင်နိုင်သည်။ ထိုသို့ စီရင်သည့်အတိုင်း တရားခံက ပေးဆောင်သည့်ဒဏ်ငွေ၊ သို့တည်းမဟုတ် ပေးလျော်သည့် ပစ္စည်းအားလုံးကိုဖြစ်စေ၊ အချို့အဝက်ကိုဖြစ်စေ၊ ထိုပြစ်မှုကြောင့် ဆုံးရှုံးနစ်နာခံရသူအား လျော်ကြေးအဖြစ်ပေးရန်အမှုကို စီရင်ဆုံးဖြတ် သော ကျေးရွာကောင်စီက အမိန့်ချမှတ်နိုင်သည်။"

၁၄။ ။ အဆိုပါ အက်ဥပဒေ ပုဒ်မ ၁၃ တွင် —

(က) ပုဒ်မခွဲ (၁) ၌ "ငွေနှစ်ထောင်" ဆိုသည့်စကားရပ်အစား၊ "ကျပ်တစ်ထောင်" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

(ခ) ပုဒ်မခွဲ (၃) အစား၊ အောက်ပါကို၊ ပုဒ်မခွဲ (၃) အဖြစ် ထည့်သွင်းရမည်။

"(၃) ကျေးရွာကောင်စီ၏ စီရင်ချက်ကို စာဖြင့်ရေးသားရမည်။ ထိုစီရင်ချက်တွင် မည်သည့်အကြောင်းများကြောင့် ယင်းသို့စီရင်ဆုံးဖြတ်ရသည်ကို အတိုချုပ်ဖော်ပြရမည်။ ထိုစီရင်ချက်ကို မကျေနပ်သူအမှုသည်က၊ ဆိုင်ရာ တိုက်နယ်ကောင်စီသို့ ပြန်လည်စစ်ဆေးစီရင်ရန် လျှောက်ထားနိုင်သည်။ ထိုသို့ လျှောက်ထားသည့်အခါ ထိုတိုက်နယ်ကောင်စီသည်၊ မူလအမှုကို စစ်ဆေးဘိသကဲ့သို့ အရေးယူ စီရင်ဆုံးဖြတ်နိုင်သည်။"

၁၅။ ။ အဆိုပါ အက်ဥပဒေ ပုဒ်မ ၁၄ တွင် "ပုဒ်မခွဲ (၃) ၏ ပထမပိုင်းတွင်" ဆိုသည့် စကားရပ်အစား၊ "ပုဒ်မခွဲ (၃) တွင်" ဆိုသည့် စကားရပ်ကို ထည့်သွင်း၍၊ "ငွေပေါင်းငါးထောင်" ဆိုသည့် စကားရပ်အစား၊ "ကျပ်နှစ်ထောင်" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

၁၆။ ။ အဆိုပါ အက်ဥပဒေ ပုဒ်မ ၁၅ အစား၊ အောက်ပါကို၊ ပုဒ်မ ၁၅ အဖြစ် ထည့်သွင်းရမည်။

" ၁၅ ။ ။ (၁) တိုက်နယ်ကောင်စီ၏ စီရင်ချက်ကို၊ သက်ဆိုင်ရာ မြို့နယ် တရားမတရားသူကြီးက၊ သို့တည်းမဟုတ် မြို့နယ်တရားမတရားသူကြီး ခန့်ထားခြင်း မရှိလျှင်၊ နယ်ပိုင် တရားမတရားသူကြီးက ပြင်ဆင်နိုင် သည်။

(၂) မြို့နယ် တရားမတရားသူကြီးသည်၊ သို့တည်းမဟုတ် နယ်ပိုင်တရားမတရားသူကြီးသည်၊ တိုက်နယ်ကောင်စီက စီရင်ပြီးသောအမှုကို၊ မူလမှုဖြစ်ဘိသကဲ့သို့ စစ်ဆေးနိုင်သည်၊ ထိုအမှုတွင် မြို့နယ်တရားမတရားသူကြီးက၊ သို့တည်းမဟုတ် နယ်ပိုင်တရားမတရားသူကြီးက ချမှတ်သောအမိန့်စီရင်ချက်သည်၊ တရားရုံးများ အက်ဥပဒေအရ မူလစီရင်ပိုင်ခွင့်အာဏာများကို သုံးစွဲ၍ ချမှတ်သည့်ဒီကရီများနှင့်အမိန့်များဖြစ်သည်ဟု မှတ်ယူရမည်။

(၃) တရားမကျင့်ထုံး ကိုဋ်ဥပဒေပါ သက်ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ၊ ကျေးရွာကောင်စီ၌သော်လည်းကောင်း၊ တိုက်နယ်ကောင်စီ၌သော်လည်းကောင်း၊ မြို့နယ် တရားမတရားသူကြီးရုံး၌သော်လည်းကောင်း၊ နယ်ပိုင်တရားမတရားသူကြီးရုံး၌သော် လည်းကောင်း၊ မပြီးမပြတ် ရှိနေသော မည်သည့် တရားမမှုကိုမဆို၊ တရားမခရိုင်တရားသူကြီးက ပြန်လည်နုတ်သိမ်းပြီးလျှင်၊ မိမိကိုယ်တိုင် စစ်ဆေးနိုင်သည်၊ သို့တည်းမဟုတ် မိမိ၏လက်အောက် အခြားတရားမတရားသူကြီးတစ်ဦးဦးသို့ ဖြစ်စေ၊ အခြား ကျေးရွာကောင်စီ၊ သို့တည်းမဟုတ် တိုက်နယ်ကောင်စီ တစ်ခုခုသို့ ဖြစ်စေ၊ ထိုအမှုကိုစစ်ဆေးရန် လွှဲအပ်နိုင်သည်။"

၁၇၊ ။ အဆိုပါ အက်ဥပဒေ ပုဒ်မ ၁၅ နောက်တွင်၊ အောက်ပါကို၊ ပုဒ်မ ၁၅-က အဖြစ် ထည့်သွင်းရမည်။

"၁၅-က။ ။ တရားမမှု တစ်ခုခုကိုစီရင်ဆုံးဖြတ်ရာ၌၊ ရပ်ရွာထုံးတမ်းစဉ်လာကိုလည်းကောင်း၊ မျှတမှု၊ တော်မှန်ရေတည်းဟူသော လောကပါလ တရား

တို့ကိုလည်းကောင်း၊ ထောက်ထားရမည်။
သို့ရာတွင် အမွေဆက်ခံခြင်းနှင့် စပ်လျဉ်းသည့်မှုခင်း ကိစ္စများကို စီရင်ဆုံးဖြတ်ရာ၌၊ ဤအက်ဥပဒေ၏ ဇယားပါ ပြဋ္ဌာန်းချက်များဖြင့် လက်ရှိရပ်ရွာထုံးတမ်းစဉ်လာများကိုပြုပြင်ထားသည့်အတိုင်း လိုက်နာ၍စီရင်ဆုံးဖြတ်ရမည်။"

၁၈။ ။ အဆိုပါအက်ဥပဒေ ရှိရင်း ပုဒ်မ ၁၅-က ကို၊ ပုဒ်မ ၁၅-ခ အဖြစ် ပြန်လည်အမှတ်စဉ်၍၊ ထိုသို့ ပြန်လည်အမှတ်စဉ်ထားသည့် ပုဒ်မ ၁၅-ခ တွင် "ချင်းရေးရာဝန်ကြီး" ဆိုသည့် စကားရပ်အစား၊ "ဝန်ကြီး" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

၁၉။ ။ အဆိုပါအက်ဥပဒေ ပုဒ်မ ၁၆ တွင် —

(က) ပုဒ်မခွဲ (၁) ၌ "စီရင်စုနယ်" ဆိုသည့်စကားရပ် အသီးသီးအစား "ခရိုင်" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

(ခ) ပုဒ်မခွဲ (၂) နောက်၌၊ အောက်ပါကို၊ ပုဒ်မခွဲ (၃) အဖြစ် ထည့်သွင်းရမည်။

"(၃) ရာဇဝတ်ကျင့်ထုံး ကိုဓဥပဒေပါ သက်ဆိုင်ရာပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ၊ ကျေးရွာကောင်စီ၌သော်လည်းကောင်း၊ တိုက်နယ်ကောင်စီ၌သော်လည်းကောင်း၊ မြို့နယ်ရာဇဝတ်တရားသူကြီးရုံး၌သော်လည်းကောင်း၊ နယ်ပိုင်ရာဇဝတ် တရားသူကြီးရုံး၌သော်လည်းကောင်း၊ မပြီးမပြတ်ရှိနေသော မည်သည့်ရာဇဝတ်မှုကို မဆို၊ ခရိုင်ရာဇဝတ်တရားသူကြီးက ပြန်လည်နုတ်သိမ်းပြီးလျှင်၊ မိမိကိုယ်တိုင်စစ်ဆေးနိုင်သည်၊ သို့တည်းမဟုတ် မိမိ၏လက်အောက်အခြားရာဇဝတ်တရားသူကြီး တစ်ဦးဦးသို့ဖြစ်စေ၊ အခြားကျေးရွာကောင်စီ၊ သို့တည်းမဟုတ် တိုက်နယ်ကောင်စီတစ်ခုခုသို့ဖြစ်စေ၊ ထိုအမှုကိုစစ်ဆေးရန် လွှဲအပ်နိုင်သည်။"

၂၀။ ။ အဆိုပါ အက်ဥပဒေ ပုဒ်မ ၁၈ တွင် "မြန်မာနိုင်ငံပြန်တမ်းတွင် ကြော်ငြာစာထုတ်ပြန်၍" ဆိုသည့်စကားရပ်အစား၊ "အမိန့်ကြော်ငြာစာထုတ်ပြန်၍" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

၂၁။ ။ အဆိုပါ အက်ဥပဒေ ပုဒ်မ ၁၈ နောက်တွင် အောက်ပါကို၊ ပုဒ်မ ၁၈-က အဖြစ် ထည့်သွင်းရမည်။

" ၁၈-က။ ။ နိုင်ငံတော် သမ္မတသည်၊ မည်သည့်ခရိုင်ဝန်ကိုမဆို၊ ဤအက်ဥပဒေ

အရ တိုင်းမင်းကြီး၏ အာဏာဒဂးလုံးကိုဖြစ်စေ၊ အာဏာတစ်ခုခုကို ဖြစ်စေ၊ အပ်နှင်းနိုင်သည့်ပြင်၊ ၎င်း၏ စီရင်ပိုင်ခွင့်အာဏာပျံ့နှံ့သည့် နယ်မြေ၏ နယ်နိမိတ်ကိုလည်း သတ်မှတ်ပေးနိုင်သည်။"

၂၂။ ။ အဆိုပါအက်ဥပဒေ ပုဒ်မ ၁၉၊ ပုဒ်မ ၂၀ နှင့် ပုဒ်မ ၂၁ အစား၊ အောက်ပါတို့ကို ပုဒ်မ ၁၉၊ ပုဒ်မ ၂၀ နှင့် ပုဒ်မ ၂၁ အဖြစ် ထည့်သွင်းရမည်။

"၁၉။ ။ မြို့မသူကြီးသည်၊ မိမိနှင့်သက်ဆိုင်ရာမြို့မတွင် နေထိုင်သူများက အစိုးရသို့ ပေးဆောင်ရန်ရှိသည့် အခွန်တော်နှင့် အခြားငွေများကို ကောက်ခံရမည်။ သို့တည်းမဟုတ် ကောက်ခံစေရမည်။

၂၀။ ။ (၁) မြို့မအတွင်း၌နေထိုင်သူဟိုင်းသည်၊ အောက်ပါကိစ္စများနှင့် စပ်လျဉ်း၍ သတင်းရရှိလျှင်၊ ရဲဌာနသို့ဖြစ်စေ၊ ရာဇဝတ်တရားသူကြီး တစ်ဦးဦးသို့ ဖြစ်စေ၊ ချက်ချင်းအကြောင်းကြားရမည်။

(က) နိုးရာပါပစ္စည်း လက်ခံသူသည်၊ သို့တည်းမဟုတ် ထုခွဲရောင်းချသူသည်၊ မြို့မအတွင်းသို့ ရောက်ရှိ၊ သို့တည်းမဟုတ် မြို့မအတွင်း နေထိုင်ခြင်း။

(ခ) လုယက်သူ၊ ဓါးပြတိုက်သူ၊ ထောင်ပြေး၊ ဝါရမ်းပြေး၊ သို့တည်းမဟုတ် ပြည်ထောင်စုနိုင်ငံတော်၏ ရေတပ်၊ ကုန်းတပ်၊ လေတပ်မှ ထွက်ပြေးသူသည်၊ မြို့မအတွင်းသို့ ရောက်ရှိခြင်း၊ သို့တည်းမဟုတ် ဖြတ်သန်းသွားလာခြင်း။

(ဂ) မြို့မအတွင်း အောက်ပါပြစ်မှုတစ်ခုခုကို ကျူးလွန်ခြင်း၊ သို့တည်းမဟုတ် ကျူးလွန်ရန်အားထုတ်ခြင်း၊ သို့တည်းမဟုတ် ကျူးလွန်ရန် ကြံစည်ခြင်း။

(ကက) လူသတ်မှု၊

(ခခ) လူသေစေမှု၊

(ဂဂ) လုယက်မှု၊

(ဃဃ) ဓါးပြတိုက်မှု၊

(ငင) လက်နက်ဥပဒေဖေါက်ဖျက်မှု၊

(စစ) ရာဇဝတ်ပြစ်ဒဏ်မကင်းသည့် မီးရှို့မှု၊

(ဆဆ) မြို့မအတွင်း၌ ခမ္မတာအလျောက် မဟုတ်ဘဲ ဖြစ်စေ၊ သင်္ကာမကင်းဘွယ်ရာ အကြောင်းနှင့်

ဖြစ်စေ၊ လူသေဆုံးမှု။

(၂) မည်သူမဆို၊ လုံလောက်သောအကြောင်းမရှိဘဲ၊ ပုဒ်မခွဲ (၁) တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ဆောင်ရွက်ရန် ပျက်ကွက်လျှင်၊ ထိုသူကို၊ မြို့မကောင်စီက ကျပ်ငါးဆယ်ထက် မပိုသောငွေဒဏ် စီရင် နိုင်သည်။

၁။ ။ (၁) မြို့မအသီးသီး၏ တိုးတက်စည်ပင်သာယာရေးအတွက် သုံးစွဲရန်အလို့ငှာ၊ သက်ဆိုင်ရာ မြို့မကောင်စီသည်၊ နိုင်ငံတော်သမ္မတ၏ ကြိုတင်ခွင့်ပြုချက် ဖြင့်၊ မြို့မနယ်နိမိတ်အတွင်းတွင် အောက်ပါအခွန်အကောက်များကို စည်းကြပ်ကောက်ခံနိုင်သည်၊ ထိုအခွန်အကောက်များကို၊ နိုင်ငံတော် သမ္မတက အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်သောနေ့ရက်မှသာ စတင်၍ စည်းကြပ်နိုင်သည်။

(က) မြေနှင့် အဆောက်အဦများပေါ်တွင် တစ်နှစ်အတွက် စံငှားခ၏ တစ်ဆယ်ရာခိုင်နှုန်းထက်မပိုသည့် အခွန်။

(ခ) အဆောက်အဦရှိသည့် မြေပေါ်တွင် စတုရန်းတစ်ပေလျှင် တစ်နှစ်အတွက် နှစ်ပြားထက်မပိုသည့်အခွန်၊ သို့တည်းမဟုတ် နှစ်ထပ်နှင့် နှစ်ထပ်ထက်ပိုသည့် အထပ်ရှိသော အဆောက်အဦရှိသည့် မြေပေါ်တွင် စတုရန်းတစ်ပေလျှင် တစ်နှစ်အတွက် သုံးပြားထက်မပိုသည့်အခွန်။

(ဂ) အဆောက်အဦမရှိသည့် မြေပေါ်တွင် တစ်ဧကလျှင်၊ တစ်နှစ် အတွက် ကျပ်တစ်ဆယ်နှုန်းထက် မပိုသည့်အခွန်။

(ဃ) သက်ဆိုင်ရာမြို့မနယ်နိမိတ်အတွင်းရှိ သက်ဆိုင်ရာကိစ္စအတွက် အသုံးပြုနိုင်သည့် ကုန်းယာဉ်၊ ရေယာဉ်အပေါ်တွင်သော်လည်းကောင်း၊ ယာဉ်ဆွဲရန်၊ သို့တည်းမဟုတ် ကုန်တင်ရန်၊ သို့တည်းမဟုတ် စီးနင်းရန် အသုံးပြုသည့် တိရစ္ဆာန်အပေါ်တွင် သော်လည်းကောင်း၊ တစ်နှစ်လျှင် ကျပ် တစ်ဆယ်ထက်မပိုသည့် အခွန်၊

(င) ဆိုခဲ့သည့်အတိုင်း အသုံးပြု၍ အပိုဒ် (ဃ) အရ အခွန်စည်းကြပ်ခြင်းမခံထိုက်သည့် ယာဉ်၊ သို့တည်းမဟုတ် တိရစ္ဆာန်များ သက်ဆိုင်ရာ မြို့မနယ်နိမိတ်အတွင်းသို့ ဝင်လာသည့်အခါ၊ ထိုယာဉ်၊ သို့တည်းမဟုတ် တိရစ္ဆာန်အသီးသီးအပေါ်တွင် ပြား ငါးဆယ် ထက်မပိုသည့် အကောက်၊

သို့ရာတွင် ထိုယာဉ်၊ ထိုတိရစ္ဆာန်ကို၊ မြို့မနယ်နိမိတ်အတွင်း ထားရှိပါ

မှု ထိုယာဉ်၊ ထိုတိရစ္ဆာန်အပေါ် အပိုဒ် (ယ) အရ ကောက်ခံထိုက်မည် ဖြစ်သော အခွန်ကိုပေးဆောင်ပြီးဖြစ်လျှင်၊ မည်သူမဆို ထိုယာဉ်၊ ထိုတိရိစ္ဆာန်အပေါ် ဤအပိုဒ်အရ ကောက်ခံထိုက်သည့် အကောက်ပေးဆောင်ခြင်းမှ လွတ်ငြိမ်းခွင့်ရနိုင်သည်။

(စ) အထက်ပါ အခွန်အကောက်များအပြင် အခါအားလျော်စွာ နိုင်ငံတော်သမ္မတ၏ ကြိုတင်ခွင့်ပြုချက်ဖြင့် မြို့မကောင်စီသည်၊ သက်ဆိုင်ရာ မြို့မနယ်နိမိတ်အတွင်း၌ အောက်ပါအခွန်အကောက်၊ တစ်မျိုးမျိုးကိုသော်လည်းကောင်း၊ အားလုံးကိုသော်လည်းကောင်း၊ စည်းကြပ်ကောက်ခံနိုင်သည်။

(ကက) ရေခွန်၊

(ခခ) မီးခွန်၊

(ဂဂ) အိမ်သာခွန်၊

(ဃဃ) အညစ်အကြေးခွန်၊

(၂) မြေ၊ သို့တည်းမဟုတ် အဆောက်အဦပေါ်တွင် ပုဒ်မခွဲ (၁)၊ အပိုဒ် (က)၊ (ခ) နှင့် (ဂ)အရ စည်းကြပ်ရမည့် အခွန်များအနက်၊ အခွန်တစ်မျိုးတည်းကိုသာ စည်းကြပ်ရမည်။

(၃) မြို့မနယ်နိမိတ်အတွင်းရှိ ဒေသအသီးသီးတွင် ဒေသအလိုက် သင့်လျော် သည့် အခွန်နှုန်းများကို ခွဲခြားစည်းကြပ်နိုင်သည်။

(၄) ပုဒ်မခွဲ (၁)၊ (၂)၊ သို့တည်းမဟုတ် (၃) အရ စည်းကြပ်ကောက်ခံရရှိသော အခွန်အကောက်ငွေများကို သက်ဆိုင်ရာမြို့မကောင်စီသည်၊ တိုင်းမင်းကြီး၏ ကြိုတင် သဘောတူညီချက်ဖြင့် မြို့မအတွင်း အောက်ပါကိစ္စများ အပါအဝင် မြို့မ၏ တိုးတက် စည်ပင်သာယာရေးအတွက် သုံးစွဲနိုင်သည်။

(က) မြို့မအတွင်းတွင် လမ်းများဖောက်လုပ်၊ ပြုပြင်ထိန်းသိမ်းရေး။

(ခ) မြို့မအတွင်းအရပ်ရပ် ကျန်းမာသန့်ရှင်းစင်ကြယ်ရေး၊

(ဂ) မြို့မနယ်နိမိတ်အတွင်း ရေပေးရန် လိုအပ်သည့် အလုပ်အဆောင် များကို ဆောက်လုပ်ပြုပြင်ထားရှိရေး။

(ဃ) မြို့မနယ်နိမိတ်အတွင်းရှိလမ်းများ၌ မီးထွန်းရန်လိုအပ်သည့် အလုပ်အဆောင်များကို ဆောက်လုပ်ပြုပြင်ထားရှိရေး။

(င) မြို့မနယ်နိမိတ်အတွင်း လူအများအသုံးပြုရန် အိမ်သာများ ဆောက်လုပ်ပြုပြင်ထားရှိရေး။

(စ) မြို့မနယ်နိမိတ်အတွင်းရှိ အဆောက်အဦများမှ၊ သို့တည်းမဟုတ် မြေများမှ မိလ္လာအညစ်အကြေးနှင့် အမှိုက်များကို သုတ်သင်ရှင်းလင်းရန် အတွက် စီမံရေးနှင့် ထိုကိစ္စအတွက် လိုအပ်သည့်အလုပ်အဆောင်များကို

ဆောက်လုပ်ပြုပြင်ထားရှိရေး။

(ဆ) မြို့မအတွင်း မီးဘေးကာကွယ်ရေး။

(ဇ) မြို့မအတွင်း၌ ဈေးဖွင့်လှစ်ထားရှိရေး။

(ဈ) မြို့မ၏ တိုးတက်စည်ပင်သာယာရေးအတွက် အခြားလုပ်ငန်းများ ဆောင်ရွက်ရေး၊

(ည) မြို့မကောင်စီရုံး ဖွင့်လှစ်ထားရှိရေးနှင့် ထိုရုံးနှင့်အထက်ပါ လုပ်ငန်း များ ဆောင်ရွက်ရန် မှုထမ်း ရာထမ်း အလုပ်သမားများ ခန့်ထားရေး။"

၂၃။ ။ အဆိုပါအက်ဥပဒေ ပုဒ်မ ၂၂ အစား၊ အောက်ပါကို၊ ပုဒ်မ ၂၂ အဖြစ် ထည့်သွင်းရမည်။

"၂၂။ ။ (၁) ဤအက်ဥပဒေတွင်သော်လည်းကောင်း၊ ဤအက်ဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေများတွင်သော်လည်းကောင်း ဖြစ်ဒဏ် သီးခြားပြဋ္ဌာန်းထားခြင်း မရှိလျှင်၊ မည်သူမဆို၊ ဤအက်ဥပဒေအရ ဖြစ်စေ၊ ဤအက်ဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေများအရ ဖြစ်စေ —

(က) ကျေးရွာကောင်စီက ထုတ်ဆင့်သော တရားဝင်အမိန့်ကို လိုက်နာရန်ပျက်ကွက်လျှင်၊ သို့တည်းမဟုတ် ငြင်းဆန်လျှင်၊ ကျေးရွာကောင်စီသည်၊ ထိုသူကို၊ ကျပ်နှစ်ဆယ်ထက်မပို သော ငွေဒဏ်သော်လည်းကောင်း၊ တန်ဘိုးငွေကျပ် နှစ်ဆယ်ထက် မပိုသောပစ္စည်းလျော်ဒဏ်သော် လည်းကောင်း၊ စီရင်နိုင်သည်။

(ခ) မြို့မကောင်စီက ထုတ်ဆင့်သောတရားဝင်အမိန့်ကို လိုက်နာရန် ပျက်ကွက်လျှင်၊ သို့တည်းမဟုတ် ငြင်းဆန်လျှင်၊ မြို့မကောင်စီသည်၊ ထိုသူကို၊ ကျပ်ငါးဆယ်ထက်မပိုသော ငွေဒဏ်သော်လည်းကောင်း၊ တန်ဘိုးငွေကျပ်ငါးဆယ် ထက်မပိုသော ပစ္စည်းလျော်ဒဏ်သော်လည်းကောင်း၊ စီရင်နိုင်သည်။

(ဂ) တိုက်နယ်ကောင်စီက ထုတ်ဆင့်သော တရားဝင်အမိန့်ကို လိုက်နာရန်ပျက်ကွက်လျှင်၊ သို့တည်းမဟုတ် ငြင်းဆန်လျှင်၊ တိုက်နယ်ကောင်စီသည်၊ ထိုသူကို၊ ကျပ်ငါးဆယ်ထက်မပို သော ငွေဒဏ်သော်လည်းကောင်း၊ တန်ဘိုးငွေ ကျပ်ငါးဆယ်ထက်မပိုသော ပစ္စည်းလျော်ဒဏ်သော်လည်း

ကောင်း၊ စီရင်နိုင်သည်။

(ဃ) မြို့ပိုင်က၊ သို့တည်းမဟုတ် နယ်ပိုင်ဝန်ထောက်က၊ သို့တည်းမဟုတ်၊ ခရိုင်ဝန်က ထုတ်ဆင့်သောကရား ဝင် အမိန့်ကို လိုက်နာရန် ပျက်ကွက်လျှင်၊ သို့တည်းမဟုတ် ငြင်းဆန်လျှင်၊ သက်ဆိုင်ရာမြို့ပိုင်သည်၊ သို့တည်းမဟုတ် နယ်ပိုင်ဝန်ထောက်သည်၊ သို့တည်းမဟုတ် ခရိုင်ဝန်သည်၊ ထိုသူကို၊ ကျပ်တစ်ရာထက်မပိုသော ငွေဒဏ် သော်လည်းကောင်း၊ တန်ဘိုးငွေ ကျပ်တစ်ရာထက် မပိုသော ပစ္စည်းလျော်ဒဏ်သော်လည်းကောင်း၊ စီရင်နိုင်သည်။

(၂) ပုဒ်မခွဲ (၁)အရ၊ ငွေဒဏ်သော်လည်းကောင်း၊ ပစ္စည်းလျော်ဒဏ်သော်လည်းကောင်း၊ စီရင်ခြင်းခံထိုက်သူသည်၊ ငွေဖြစ်စေ၊ ပစ္စည်းဖြစ်စေ၊ မရှိ၍၊ ဒဏ်ငွေကိုသော်လည်းကောင်း၊ ပစ္စည်းကိုသော်လည်းကောင်း၊ မပေးနိုင်သောသူဖြစ်လျှင်၊ သက်ဆိုင်ရာ ကျေးရွာ ကောင်စီသည်၊ သို့တည်းမဟုတ် မြို့မကောင်စီသည်၊ သို့တည်းမဟုတ် တိုက်နယ်ကောင်စီသည်၊ သို့တည်းမဟုတ် မြို့ပိုင်သည်၊ သို့တည်း မဟုတ် နယ်ပိုင်ဝန်ထောက်သည်၊ သို့တည်းမဟုတ် ခရိုင်ဝန်သည်၊ ထိုသူကို၊ ငွေဒဏ်၊ သို့တည်းမဟုတ် ပစ္စည်းလျော်ဒဏ်စီရင်မည့်အစား၊ သက်ဆိုင်ရာအရပ်ဒေသ၏ ကြီးပွားချမ်းသာရေးဖြစ်စေမည့် ပြည်သူ့ လုပ်ငန်းမျိုးကို လုပ်ကိုင်ပေးစေရန်၊ တစ်လထက်မပိုသည့် အလုပ်ဒဏ် စီရင်နိုင်သည်။"

၂၄။ ။ အဆိုပါ အက်ဥပဒေ ပုဒ်မ ၂၆ တွင် "အရေးပိုင်က ယူဆသောအခါ၊" ဆိုသည့် စကားရပ်အစား၊ "ယုံကြည်ကျေနပ်လောက်သည့် အထောက်အထားရှိလျှင်၊ ခရိုင်ဝန်သည်" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်၊

၂၅။ ။ အဆိုပါ အက်ဥပဒေ ပုဒ်မ ၃၄ တွင် "အရေးပိုင်" ဆိုသည့်စကားရပ်တသီးသီး အစား၊ "ခရိုင်ရာဇဝတ်တရားသူကြီး" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

၂၆။ ။ အဆိုပါ အက်ဥပဒေ ပုဒ်မ ၃၅ အစား၊ အောက်ပါကို၊ ပုဒ်မ ၃၅ အဖြစ် ထည့်သွင်းရမည်။

"၃၅။ ။ (၁) နိုင်ငံတော်သမ္မတသည်၊ ချင်းဝိသေသတိုင်း၌ ရွာဘုံမြေနှင့် ပုဂ္ဂလိကပိုင်မြေအပါအဝင် မည်သည့်မြေပေါ်တွင်မဆို၊ စည်းကမ်းမဲ့

တောမီးရှို့ခြင်း၊ တောမီးလောင်ခြင်း၊ တောမီးပြန့်ပွားခြင်းတို့ကို ကာကွယ်ရန်အလို့ငှာ၊ နည်းဥပဒေများ ပြုလုပ်နိုင်သည်။

(၂) မည်သူမဆို၊ ပုဒ်မခွဲ (၁) အရ၊ နိုင်ငံတော်သမ္မတက ပြုလုပ်သည့် နည်းဥပဒေပါ ပြဋ္ဌာန်းချက်တစ်ခုခုကို လိုက်နာရန်ပျက်ကွက်လျှင်၊ သို့တည်းမဟုတ် ဆန့်ကျင်လျှင်၊ ထိုသူသည်၊ ရာဇဝတ်တရားသူကြီး တစ်ဦးက၊ ပြစ်မှုထင်ရှားစီရင်သည့်အခါ၊ ခြောက်လထိ ထောင်ဒဏ် သော်လည်းကောင်း၊ ငွေဒဏ်သော်လည်းကောင်း၊ ဒဏ်နှစ်ရပ်လုံး သော်လည်းကောင်း၊ စီရင်ခြင်းခံရမည်။

(၃) နိုင်ငံတော်သမ္မတသည်၊ ယေဘုယျအမိန့်ဖြင့်ဖြစ်စေ၊ အထူးအမိန့် ဖြင့်ဖြစ်စေ၊ မည်သည့်ကျေးရွာကောင်စီ၊ သို့တည်းမဟုတ် တိုက်နယ်ကောင်စီကိုမဆို၊ ၎င်းနှင့်သက်ဆိုင်သောဒေသအတွင်း၊ ပုဒ်မခွဲ (၁) အရ ပြုလုပ်သည့်နည်းဥပဒေပါ ပြဋ္ဌာန်းချက်တစ်ခုခု လိုက်နာရန် ပျက်ကွက်သူအား၊ သို့တည်းမဟုတ် ဆန့်ကျင်သူအား စစ်ဆေး၍ ငွေဒဏ်စီရင်နိုင်သည့် အာဏာကို အပ်နှင်းနိုင်သည်။

(၄) မည်သူမဆို၊ ပုဒ်မခွဲ (၃) အရ၊ ကျေးရွာကောင်စီက၊ သို့တည်း မဟုတ် တိုက်နယ်ကောင်စီက ချမှတ်သော စီရင်ချက်ကို မကျေနပ် လျှင်၊ ပုဒ်မ ၁၂၊ ပုဒ်မခွဲ (၃) အရ အမှုကို ပြန်လည်စစ်ဆေးစီရင် ရန် လျှောက်ထားနိုင်သည်။

(၅) ဤပုဒ်မအရ ငွေဒဏ်စီရင်လျှင်၊ အမှုကိုစီရင်ဆုံးဖြတ်သော ရာဇဝတ်တရားသူကြီးသည်၊ သို့တည်းမဟုတ် တိုက်နယ်ကောင်စီ သည်၊ သို့တည်းမဟုတ် ကျေးရွာကောင်စီသည်၊ ထိုသို့စီရင်သည့် အတိုင်း၊ တရားခံက ပေးဆောင်သည့်ဒဏ်ငွေအားလုံးကိုဖြစ်စေ၊ အချို့အဝက်ကိုဖြစ်စေ၊ ထိုတောမီးကြောင့် ဆုံးရှုံးနစ်နာခံရသူအား လျော်ကြေးအဖြစ်ပေးရန် အမိန့်ချမှတ်နိုင်သည်။"

၂၇။ ။ အဆိုပါ အက်ဥပဒေ ပုဒ်မ ၃၈-က နောက်တွင်၊ အောက်ပါကို၊ ပုဒ်မ ၃၈-ခ အဖြစ် ဖြည့်သွင်းရမည်။

"၃၈-ခ။ ။ (၁) ဆေးဆရာဝန်များ အသုံးပြုသော ဆေးထိုးပြွတ်မျိုးကို၊ ချင်းဝိသေသ တိုင်းအတွင်း ကိုင်ဆောင်အသုံးပြုခြင်းကို နည်းလမ်းတကျဖြစ်စေ ရန် အလို့ငှာ၊ နိုင်ငံတော်သမ္မတသည်၊ နည်းဥပဒေများ ပြုလုပ်နိုင် သည်။ ဆေးထိုးပြွတ်လိုင်စင်အတွက် ကောက်ခံသောလိုင်စင်အခ သည်၊ ထိုနည်းဥပဒေများတွင် ပြဋ္ဌာန်းထားသည့် နှုန်းအတိုင်း

ဖြစ်ရမည်။

(၂) မည်သူမဆို၊ ချင်းဝိသေသတိုင်းအတွင်း အဆိုပါ ဆေးထိုးပြွတ်မျိုးကို လိုင်စင်မရှိဘဲ ကိုင်ဆောင်လျှင်၊ သို့တည်းမဟုတ် လက်ရှိထားလျှင်၊ သို့တည်းမဟုတ်ရောင်းချလျှင်၊ သို့တည်းမဟုတ် အသုံးပြုလျှင်ဖြစ်စေ၊ လိုင်စင်ရရှိသူသည်၊ မိမိလိုက်နာရမည့်လိုင်စင်ပါ စည်းကမ်းချက်တစ်ခုခုကို လိုက်နာရန်ပျက်ကွက်လျှင်ဖြစ်စေ၊ ထိုသူသည်၊ ရာဇဝတ် တရားသူကြီးတစ်ဦးက ပြစ်မှုထင်ရှား စီရင်သည့်အခါ၊ ခြောက်လထိ ထောင်ဒဏ်သော်လည်းကောင်း၊ ငွေဒဏ်သော်လည်းကောင်း၊ ဒဏ်နှစ်ရပ်လုံးသော်လည်းကောင်းစီရင်ခြင်းခံရမည်။"

၂၈။ ။ အဆိုပါ အက်ဥပဒေရှိရင်း ပုဒ်မ ၃၉ ကို၊ ပုဒ်မ ၃၉ ပုဒ်မခွဲ (၁) အဖြစ်ပြန်လည် အမှတ်စဉ်၍၊ ထိုသို့ပြန်လည်အမှတ်စဉ်ထားသည့် ပုဒ်မခွဲ (၁) တွင် "ချင်းရေးရာဝန်ကြီး" ဆိုသည့် စကားရပ်အသီးသီးအစား၊ "ဝန်ကြီး" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည့်ပြင်၊ ထိုသို့ပြန်လည် အမှတ်စဉ်ထားသည့် ပုဒ်မ ၃၉၊ ပုဒ်မခွဲ (၁) ၏ ခြွင်းချက်နောက်တွင် အောက်ပါကို၊ ပုဒ်မခွဲ (၂)အဖြစ် ထည့်သွင်းရမည်။

" (၂) ဤပုဒ်မအရ စည်းကြပ်ကောက်ခံသော အိမ်ခွန်ကို၊ နိုင်ငံတော်သမ္မတ က ပြုလုပ်သော နည်းဥပဒေများတွင် ပြဋ္ဌာန်းထားသည့်အတိုင်း၊ ကျေးရွာ ကောင်စီ၊ မြို့မကောင်စီနှင့် တိုက်နယ်ကောင်စီတို့က ခွဲဝေသုံးစွဲရမည်"

၂၉။ ။ အဆိုပါ အက်ဥပဒေပုဒ်မ ၃၉ နောက်တွင်၊ အောက်ပါကို၊ ပုဒ်မ ၃၉-က အဖြစ် ထည့်သွင်းရမည်။

"၃၉-က။ ။ ပုဒ်မ ၁၁-က (၂)၊ သို့တည်းမဟုတ် (၃) အရသော်လည်းကောင်း၊ ပုဒ်မ ၂၀ (၂) အရသော်လည်းကောင်း၊ ပုဒ်မ ၂၂ (၁) (က)၊ (ခ)၊ သို့တည်းမဟုတ် (ဂ) အရသော်လည်းကောင်း၊ ကျေးရွာကောင်စီက၊ သို့တည်းမဟုတ် မြို့မကောင်စီက၊ သို့တည်းမဟုတ် တိုက်နယ်ကောင်စီက ငွေဒဏ်နှင့်ပစ္စည်းလျော်ဒဏ် စီရင်သည့်အတိုင်း တရားခံက ပေးဆောင်သည့် ဒဏ်ငွေနှင့် ပေးလျော်သည့် ပစ္စည်းအားလုံးကို၊ နိုင်ငံတော်သမ္မတ က ပြုလုပ်သည့်နည်းဥပဒေများတွင် ပြဋ္ဌာန်းထားသည့်အတိုင်း ကျေးရွာကောင်စီ၊ မြို့မကောင်စီနှင့် တိုက်နယ်ကောင်စီတို့ကခွဲဝေသုံးစွဲနိုင်သည်။"

၃၀။ ။ အဆိုပါ အက်ဥပဒေ ပုဒ်မ ၄၁ တွင် "အုပ်ချုပ်ရေးနှင့် ဝပ်လျှိုးသည့်ကိစ္စများအတွက် လည်းကောင်း၊ ပုဒ်မ ၁၉ အရလည်းကောင်း" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၃၁။ ။ အဆိုပါ အက်ဥပဒေ ပုဒ်မ ၄၃ နောက်တွင်၊ အောက်ပါဇယားကို ထည့်သွင်းရမည်။

"ဇယား၊

[ပုဒ်မ ၁၅-က ကိုကြည့်။]

(ဤဇယားသည်၊ ချင်းအမျိုးအနွယ်မှဆင်းသက်လာသည့် ချင်းအမျိုးသားမဟုတ်သောသူများ၏ ပစ္စည်းနှင့် မသက်ဆိုင်စေရ။)

ချင်းအမျိုးသားတစ်ဦး၏ ပစ္စည်းကိုအမွေဆက်ခံခြင်းဆိုင်ရာ ထုံးတမ်းစဉ်လာဥပဒေကို၊ အောက်ပါ ပြဋ္ဌာန်းချက်များအတိုင်း ပြုပြင်ထားသည်။

၁။ ။ သေဆုံးသူ၏ပစ္စည်းထဲမှ သေဆုံးသူ၏အသုဘစရိတ်စကကို နုတ်ယူပြီးနောက်၊ ကျန်ရှိသောပစ္စည်းထဲမှ သေဆုံးသူ၏ ကြွေးမြီအားလုံးကိုလည်းကောင်း၊ ပစ္စည်းအပေါ်၌ တင်ရှိသော အခြား တရားဝင်ကြွေးမြီတာဝန်အားလုံးကို လည်းကောင်း၊ ပစ္စည်းနှင့်စပ်လျဉ်း၍ ပေါ်ပေါက်သော အခြားတာဝန် အားလုံးကိုလည်းကောင်း၊ နုတ်ယူနိုင်ခွင့်ရှိစေရမည်။

၂။ ။ သေဆုံးသူ၏ပစ္စည်းကို၊ ဘေးဘိုးစဉ်ဆက်ပိုင် ပစ္စည်းဟူ၍လည်းကောင်း၊ သာမန်ပစ္စည်းဟူ၍လည်းကောင်း၊ ခွဲခြားထားရမည်။

(က) ဘေးဘိုးစဉ်ဆက်ပိုင် ပစ္စည်း ဆိုသည့်စကားရပ်တွင်—

(၁) အိမ်နှင့်သာမန်အားဖြင့် ပူးတွဲလျက်ရှိသည့် ပစ္စည်းများနှင့် အိမ်ဝိုင်းအတွင်း ဆောက်လုပ်ထားသော အခြားအဆောက်အအုံ များပါဝင်သည့် သေဆုံးသူပိုင်ဆိုင်သော မိသားစုအိမ်၊ (သေဆုံး သူ၏ အိမ်တစ်ဆောင်ထက်ပို၍ ကျန်ရှိခဲ့လျှင်၊ အိမ်တစ်ဆောင်ကို သာလျှင် "မိသားစုအိမ်" ဟု အသိအမှတ်ပြုရမည်၊ သို့သော် လည်း သေဆုံးသူသည်၊ မယားတစ်ယောက်ထက်ပို၍၊ ထိမ်းမြား လက်ထပ်ယူထားခဲ့သဖြင့်၊ သေဆုံးသူပိုင်သော သီးခြားအိမ်များ တွင် မယားတစ်ယောက်စီနေထိုင်ကြလျှင်၊ ထိုအိမ်အသီးသီးသည် "မိသားစုအိမ်" များ ဖြစ်ကြရမည်။)၊

(၂) သေဆုံးသူက၊ မိမိ၏အဘထံမှသော်လည်းကောင်း၊ အခြား ဆွေမျိုးများထံမှသော်လည်းကောင်း၊ အမွေဆက်ခံရရှိသည့် မရွှေ့ပြောင်းနိုင်သော ရှေးဟောင်းပစ္စည်း၊ ယို့ပြင်

(၃) ထုံးတမ်းစဉ်လာဥပဒေအရ ဘေးဘိုးစဉ်ဆက်ပိုင်ပစ္စည်းအဖြစ် ပါဝင်သော သေနတ်များနှင့် ထိုသေနတ်များနှင့်ပူးတွဲပါရှိသော ပစ္စည်းများ၊ မိရိုးဖလာအဝတ်အစားများနှင့် လက်ဝတ်လက်စား

များ အစရှိသည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်းပါဝင်သည်၊

(ခ) အဆက်ပါပစ္စည်းများမှတစ်ပါး၊ သေဆုံးသူ၏ ကျန်ရှိသောရွှေ့ပြောင်းနိုင်သည့် ပစ္စည်းနှင့် မရွှေ့ပြောင်းနိုင်သည့် ပစ္စည်းအားလုံးသည် သာမန် ပစ္စည်း ဖြစ်ရမည်။

<u>ရှင်းလင်းချက်</u> ။ ။ (က) လင်နှင့်မယားနှစ်ဦး အတူတကွ ကြိုးပမ်း၍ ရရှိသောပစ္စည်းကို၊ လင်သေဆုံးသောအခါ၌၊ သေဆုံးသူ၏ သာမန်ပစ္စည်းတွင် ထည့်သွင်းရမည်။

(ခ) လင်နှင့်မယား နှစ်ဦးအတူတကွ ကြိုးပမ်း၍ ရရှိသော ပစ္စည်းသည်၊ မယားသေဆုံးသောအခါ၌၊ လင်၏ပစ္စည်း ဖြစ်သည်။

၃။ ။ (၁) သေဆုံးသူ၏ ဘေးဘိုးစဉ်ဆက်ပိုင် ပစ္စည်းကို အမွေဆက်ခံနိုင်ခွင့် ရှိသူများသည်၊ အောက်ပါ အစီအစဉ်အတိုင်း ဖြစ်ရမည်။

(က) သက်ဆိုင်ရာ ထုံးတမ်းစဉ်လာဥပဒေအရ၊ အဆိုပါပစ္စည်း၏ အမွေခံဖြစ်သော၊ သေဆုံးသူ၏သား၊ မြေးယောက်ျား၊ မြစ်ယောက်ျား၊ အစရှိသည့် တိုက်ရိုက်ဆင်းသက်သူ၊ ထိုသူ မရှိလျှင်

(ခ) သေဆုံးသူ၏ အဘ၊ ထိုသေဆုံးသူ၏ အဘမရှိလျှင်

(ဂ) သက်ဆိုင်ရာထုံးတမ်းစဉ်လာဥပဒေအရ၊ အဆိုပါပစ္စည်း၏ အမွေခံဖြစ်သော၊ သေဆုံးသူ၏အဘမှ တိုက်ရိုက်ဆင်းသက် သူ ယောက်ျား၊ ထိုယောက်ျားမရှိလျှင်

(ဃ) သက်ဆိုင်ရာ ထုံးတမ်းစဉ်လာဥပဒေအရ၊ အဆိုပါပစ္စည်း၏ အမွေခံဖြစ်သော၊ အဘဘက်မှဘိုးအေ၊ သို့တည်းမဟုတ် ထိုဘိုးအေမှ တိုက်ရိုက်ဆင်းသက်သူ ယောက်ျား၊ ထို ယောက်ျား မရှိလျှင်

(င) သေဆုံးသူ၏အသက်ရှင်လျက်ရှိသော အကြီးဆုံးဖြစ်သည့် သမီး၊ ထိုအကြီးဆုံးဖြစ်သည့်သမီးမရှိလျှင်

(စ) သေဆုံးသူမှ တိုက်ရိုက်ဆင်းသက်သူ ယောက်ျားတစ်ဦးဦး၏ အသက်ရှင်လျက်ရှိသော အကြီးဆုံးဖြစ်သည့် သမီး၊ ထိုအကြီးဆုံးဖြစ်သည့် သမီးမရှိလျှင်

(ဆ) သေဆုံးသူ၏ အသက်ရှင်လျက်ရှိသော အကြီးဆုံးဖြစ်သည့် အစ်မ၊ နှမ၊ ထိုအကြီးဆုံးဖြစ်သည့်အစ်မ၊ နှမ၊ မရှိလျှင်

(ဇ) သေဆုံးသူ၏အမိ။

(၂) သေဆုံးသူမှာ၊ အပိုဒ်ခွဲ (၁) တွင် ဖော်ပြထားသည့် ဆွေမျိုးတစ်ဦးတစ်ယောက်မျှ မရှိလျှင်၊ ဘေးဘိုးစဉ်ဆက်ပိုင် ပစ္စည်းကို၊ သေဆုံးသူ၏ သာမန်ပစ္စည်း တွင် ထည့်သွင်းရမည်။

ရှင်းလင်းချက် ၁။ ။ သေဆုံးသူ၏ မုဆိုးမမှာ၊ မိသားစုအိမ်တွင် အခလွတ်ကိုယ်တိုင်နေထိုင်ခွင့် ရှိရမည်။ သို့သော်ထပ်မံ၍ အိမ်ထောင်ပြုလျှင် ဖြစ်စေ၊ မဟာရေးကာမစပ်ယှက်ခြင်းကြောင့် ပဋိသန္ဓေရရှိသည်ဟု သက်သေထင်ရှားပြလျှင်ဖြစ်စေ၊ ထိုသို့နေထိုင်ခြင်း ရပ်စဲစေရမည်။ (သေဆုံးသူ၏မုဆိုးမတစ်ယောက်ထက်ပို၍ ကျန်ရစ်ခဲ့လျှင်၊ မုဆိုးမတိုင်းသည်၊ မိမိနေထိုင်ခဲ့သောအိမ်တွင်၊ အဆိုပါစည်းကမ်းချက်များနှင့် မဆန့်ကျင်စေဘဲ၊ အခလွတ်ကိုယ်တိုင်နေထိုင်ခွင့် ရှိရမည်။)

ရှင်းလင်းချက် ၂။ ။ ဤအပိုဒ်ပါ "တိုက်ရိုက်ဆင်းသက်သူယောကျ်ား" ဆိုသည်မှာ၊ သား။ သားမှပေါက်ဖွားသော မြေးယောကျ်ား အစရှိသော ယောကျ်ားအဆက်အနွယ်မှ ဆင်းသက်သော ယောကျ်ားကိုဆိုလိုသည်။ ထိုစကားရပ်တွင် မိန်းမ (female) မှ ဆင်းသက်သော သားမပါဝင်ချေ။

ရှင်းလင်းချက် ၃။ ။ ဒေသတစ်ခု၏ ထုံးတမ်းစဉ်လာ ဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ၊ သားသမီးအားလုံးမှာ၊ အမွေဆက်ခံခွင့် ရှိစေရမည်။

ရှင်းလင်းချက် ၄။ ။ ဤဇယားပါ ပြဋ္ဌာန်းချက်များ၏ ကိစ္စအလို့ငှာ၊ "သားသမီး" ဆိုသည့်စကားရပ်တွင်၊ ဒေသတစ်ခု၏ ထုံးတမ်းစဉ်လာဥပဒေအရ အမွေခံ အမွေစားအဖြစ် မွေးစားသောသားသမီး ပါဝင်သည်။

၄။ ။ သေဆုံးသူ၏ သာမန်ပစ္စည်းကို သေဆုံးသူ၏မုဆိုးမ (သို့တည်းမဟုတ် မုဆိုးဖို) နှင့် အခြားဆွေမျိုးများက၊ အောက်ပါအတိုင်း ခွဲဝေယူရမည်။

(က) သေဆုံးသူ၏ သားသမီးများကျန်ရစ်ခဲ့လျှင်၊ သားတစ်ယောက်သည် သမီးတစ်ယောက်ရထိုက်သည့် အစု၏နှစ်ဆရစေ၍လည်းကောင်း၊ သမီး တစ်ယောက်သည်၊ မုဆိုးမ (သို့တည်းမဟုတ်မုဆိုးဖို) ရထိုက်သည့်အစု၏ နှစ်ဆရစေ၍လည်းကောင်း၊ ပစ္စည်းကို ခွဲဝေရမည်။

ခြွင်းချက်။ ။ သို့ရာတွင် သေဆုံးသူ၏ သားသမီးတစ်ဦးဦးသည်၊ သေဆုံးသူ အသက်ရှင်လျက်ရှိစဉ်၊ သေဆုံး၍၊ အသက်ရှင်လျက်ရှိသည့် တိုက်ရိုက်ဆင်းသက်သူ တစ်ဦးဦးကျန်ရစ်ခဲ့လျှင်၊ ထိုသေဆုံးသော သားသမီး တစ်ဦးဦး အသက်ရှင်လျက်ရှိပါက၊ ရထိုက်မည့်အစုကို၊ သားတစ်ယောက်သည် သမီးတစ်ယောက် ရထိုက်သည့်အစု၏ နှစ်ဆရစေရမည်။

ဥပမာ — "က" သေဆုံး၍၊ မုဆိုးမ "ခ" သမီး "ဂ" နှင့် သား "ဃ" ကို ကျန်ရစ်ခဲ့သည်၊ အခြားသားတစ်ယောက်ဖြစ်သူ "င" သည်၊ "က" အသက်ရှင်လျက်ရှိစဉ် သေဆုံး၍၊ သားသမီးများကျန်ရစ်ခဲ့သည်။ ပစ္စည်းကို "ခ" အတွက် တစ်စု၊ "ဂ" အတွက်နှစ်စုနှင့် "ဃ" နှင့် "င" အတွက်လေးစုစီ ရစေ၍ခွဲဝေရမည်။ "င" ရထိုက်သည့် အစုလေးစုကို "င" ၏ သားသမီးများအား၊ သားတစ်ယောက်သည်၊ သမီးတစ်ယောက်ရထိုက်သည့် အစု၏ နှစ်ဆရ စေ၍ ခွဲဝေရမည်။

(ခ) သေဆုံးသူ၏ တိုက်ရိုက်ဆင်းသက်သူ မကျန်ရစ်ခဲ့လျှင်၊ သာမန်ပစ္စည်းကို အောက်ပါအတိုင်း ခွဲဝေရမည်။

(၁) မိဘနှစ်ပါးလုံး အသက်ရှင်လျက်ရှိပါက၊ အဘနှင့်အမိသည် သော်လည်းကောင်း၊ တစ်ဦးဦးသေဆုံးပါက၊ အဘ၊ သို့တည်းမဟုတ် အမိသည်သော်လည်းကောင်း၊ ပစ္စည်းတစ်ဝက်ရရှိစေ၍၊ မုဆိုးမ (သို့တည်းမဟုတ် မုဆိုးဖို) သည်၊ ပစ္စည်း၏ကျန်တစ်ဝက်ကို ရရှိစေရမည်။ သို့ရာတွင် မိဘနှစ်ပါးလုံးအသက်ရှင်လျက်ရှိပါက၊ အဘသည်၊ အမိရထိုက်သည့်အစု၏ နှစ်ဆရရှိစေရမည်။ ထို့ပြင် အမိမှာ လင် ယောကျ်ားအသက်ရှင်လျက် ရှိနေပါက၊ ပစ္စည်းပေါ်တွင် မည်သည့် အစုမျှ ရထိုက်ခွင့်မရှိစေရ။

ရှင်းလင်းချက် ။ ။ "အဘ"၊ သို့တည်းမဟုတ် "အမိ" ဆိုသည်မှာ၊ သေဆုံးသူ၏ အဘရင်း၊ သို့တည်းမဟုတ် အမိရင်းကို ဆိုလိုသည်။ ထို "အဘ"၊ သို့တည်းမဟုတ် "အမိ" ဆိုသည့် စကားရပ်တွင် "မိထွေး"၊ သို့တည်းမဟုတ် "ပထွေး" မပါဝင်ချေ။

(၂) မိဘနှစ်ပါးလုံး အသက်ရှင်လျက်မရှိဘဲ၊ (အဘဘက်မှ) ညီ၊ အစ်ကိုနှင့် အစ်မ၊ နှစ်မများရှိလျှင်၊ ထိုညီ၊ အစ်ကိုနှင့် အစ်မ၊ နှစ်မများသည်၊ မိမိတို့၏ မိဘများရရှိမည့် ပစ္စည်းကို ညီ၊ သို့တည်းမဟုတ် အစ်ကိုအသီးသီးသည်၊ အစ်မ၊ သို့တည်းမဟုတ် နှစ်မအသီးသီးရထိုက်သည့် အစု၏ နှစ်ဆရစေ၍၊ အမွေဆက်ခံရမည်။ (ညီ၊ သို့တည်းမဟုတ် အစ်ကိုတစ်ယောက်ယောက် သေဆုံး၍၊ တိုက်ရိုက်ဆင်းသက်သူ ကျန်ရစ်ခဲ့လျှင်၊ ထိုညီ၊ သို့တည်းမဟုတ် အစ်ကို အသက်ရှင်လျက်ရှိပါက၊ ရထိုက်မည့်အစုကို၊ ထိုသေဆုံးသောညီ၊ သို့တည်းမဟုတ် အစ်ကို၏ ကျန်ရစ်ခဲ့သည့် တိုက်ရိုက်ဆင်းသက်သူများ ဖြစ်သော သားတစ်ယောက်သည်၊ သမီးတစ်ယောက် ရထိုက်သည့် အစု၏ နှစ်ဆရစေရမည်။)

(၃) မိဘနှစ်ပါးလုံးနှင့် အဘမှတိုက်ရိုက်ဆင်းသက်သူ အသက်ရှင်လျက်မရှိဘဲ၊ အဘဘက်မှဘိုးအေသော်လည်းကောင်း၊ အဘဘက်မှ ဘွားအေသော်လည်းကောင်း၊ ရှိလျှင်၊ မုဆိုးမသည်၊ သို့တည်းမဟုတ် မုဆိုးဖိုသည်၊ ပစ္စည်း၏ သုံးပုံနှစ်ပုံရစေ၍၊ ဘိုးအေ၊ ဘွားအေသည်၊ ပစ္စည်း၏သုံးပုံတစ်ပုံ ရစေရမည်။ ဘိုးအေရထိုက်သည့် အစုသည်၊ ဘွားအေရထိုက်သည့် အစု၏နှစ်ဆဖြစ်စေရမည်၊ သို့ရာတွင် ဘွားအေမှာ၊ လင်ယောက်ျားအသက်ရှင်လျက်ရှိနေပါက၊ ပစ္စည်းကို ရထိုက်ခွင့်မရှိစေရ။ (အဘဘက်မှ ဘိုးအေနှင့်ဘွားအေများသေဆုံး၍၊ အဘဘက်မှ ဘိုးအေ၏ တိုက်ရိုက်ဆင်းသက်သူများ ကျန်ရစ်ခဲ့လျှင် ၊ ထိုဘိုးအေ၊ ဘွားအေ အသက်ရှင်လျက်ရှိပါက၊ ရထိုက်မည့်အစုကို၊ ထိုသေဆုံးသော ဘိုးအေ၏ တိုက်ရိုက်ဆင်းသက်သူများဖြစ်သော သားတစ်ယောက်သည် သမီးတစ်ယောက် ရထိုက်သည့်အစု၏ နှစ်ဆရစေရမည်။)

(၄) အထက်ပါ (၁)၊ (၂) နှင့် (၃) တွင် ဖော်ပြထားသောဆွေမျိုး တစ်ယောက်မျှ မရှိလျှင်၊ မုဆိုးမသည်၊ သို့တည်းမဟုတ် မုဆိုးဖိုသည်၊ ပစ္စည်း၏လေးပုံသုံးပုံရရှိစေ၍၊ ပစ္စည်း၏ကျန်လေးပုံတစ်ပုံကို၊ သက်ဆိုင်ရာထုံးတမ်းစဉ်လာဥပဒေအရ အမွေခံဖြစ်သူ မည်သူမဆို ရရှိစေရမည်။

<u>ရှင်းလင်းချက်</u>။ ။ (က) တိုက်ရိုက်ဆင်းသက်ခြင်းသည်၊ မိန်းမဖြစ်သူ (female) တွင် အဆုံးသတ်သည်။ ဆိုလိုရင်းမှာ၊ အမွေဆက်ခံ ခြင်းနှင့် စပ်လျဉ်း၍၊ သမီးသည်၊ တိုက်ရိုက်ဆင်းသက် သူ ဖြစ်သော်လည်း၊ ထိုသမီး၏ သားသမီးများသည်၊ ဇာပိ ၏ အဘဖြစ်သော ဘိုးအေမှ တိုက်ရိုက်ဆင်းသက်သူများ မဟုတ်ကြချေ။

(ခ) အထက်ပါ ပြဋ္ဌာန်းချက်များအရ မယားသေဆုံးသည့်အခါ၌၊ ခွဲဝေပေးရမည့် ပစ္စည်းသည်၊ မယားပိုင်သီးခြား ပစ္စည်းသာ ဖြစ်သည်။

၅။ ။ အထက်ပါ အပိုဒ်များတွင် မည်သို့ပင်ပါရှိစေကာမူ၊ အောက်ပါပုဂ္ဂိုလ်များမှာ၊ သေဆုံးသူ၏ပစ္စည်းကို ပိုင်ဆိုင်ခွင့်၊ သို့တည်းမဟုတ် ထိုပစ္စည်းမှ အစုရပိုင်ခွင့်မရှိစေရ။

(က) သေဆုံးသူ အသက်ရှင်လျက်ရှိစဉ်က၊ ထုံးတမ်းစဉ်လာ ဥပဒေအရ အမွေခန်းဖြတ်ခြင်းခံရသူ၊ သို့တည်းမဟုတ်

(ခ) သေဆုံးသူကို သတ်သူ၊ သို့တည်းမဟုတ် သေဆုံးသူကို သတ်ရာတွင် အားပေးကူညီသူ၊

၆။ ။ ကာလစည်းကမ်းသတ် ဥပဒေ (Limitation Act) နှင့် မဆန့်ကျင် စေဘဲ၊ ၁၉၅၇ ခုနှစ်၊ ချင်းဝိသေသတိုင်း (ပြင်ဆင်ချက်) အက်ဥပဒေ စတင် အာဏာတည်သည့်နေ့ရက်တွင်၊ မဆုံးဖြတ်ရသေးသော အမှုများကို၊ ဤဇယားတွင်ပါရှိသော ပြဋ္ဌာန်းချက်များနှင့်အညီ စီရင်ဆုံးဖြတ်ရမည်။"

---

ပြည်ထောင်စုအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ဦးဝင်းမောင်၊
နိုင်ငံတော်သမ္မတ၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၁၉ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်။
(၁၉၅၇ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်။)

**အမိန့်အရ**

ပါစိန်၊
**နိုင်ငံတော်သမ္မတ၏အတွင်းဝန်၊**